www.burmeseclassic.com

ဖိုးမိုးစာပေ

# LOVER'S DICTIONARY-3



ညူနေ

# သမီးရည်းစားအဘိဓာန် (၃)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - Color King

မျက်နှာဖုံးဒီဇိုင်း - Yèlay @ YèWintKyaw

အတွင်းသရုပ်ဖော် - ဝလုံး

ပုံနှိပ်ခြင်း - ပထမအကြိမ် (၂၀၁၃ ခုနှစ်)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀/

လူနေ

သမီးရည်းစားအဘိဓာန်(၃) / လူနေ ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၃။

၁၇၉ - စာ ၊ ၁၂ x ၁၈.၅ စင်တီ။

(၁) သမီးရည်းစားအဘိဓာန်(၃)


# လူနေ

# သမီးရည်းစားအဘိဓာန် (၃)

www.burmeseclassic.com

www.burmeseclassic.com

# ၁

## အမှာစာ

"ခင်ဗျားက ဒီနှစ်လဲ ဆက်ထုတ်ဖြန့်ပြီ ဟုတ်လား"

"ဟုတ်. . . လေ၊ တစ်နှစ်လုံး ဖတ်ထား၊ မှတ်ထား၊ အင်တာနက်ထဲမှာ တွေ့ထားတာလေးတွေကို မရေးပဲ မနေနိုင်လို့ပါ. . . ဒါနဲ့ . . . ဘာဖြစ်လို့ အဲ့ဒီလိုမေးရတာလဲဗျာ"

"ကျုပ်က ခင်ဗျားကို အပြစ်ပြောချင်လို့မဟုတ်ပါဘူး. . ."

"တော်သေးတာပေါ့"

"ဒါပေမယ့်. . . ခင်ဗျားကို ကျုပ်ကမပြောချင်လို့ ကြည့်နေတာ ကြာပြီ"

"ဟင်. . . လုပ်ပြီ"

"ရှေ့ကစာအုပ်တွေထဲမှာလဲ ဟိုဟာတွေလျှောက်ရေး၊ ဒီဟာတွေလျှောက်ရေးနဲ့ ကလေးတွေက လမ်းမှားလိုက်ပြီး လျှောက်လုပ်နေရင် ဘယ်လိုလုပ်မလဲ"

"အာ. . . ကျုပ်က အဲ့ဒီလိုဟာတွေ မရေးရပါဘူးဗျာ"

"အင်းလေ. . . ထားပါတော့၊ အရင်တစ်ခေါက်စာအုပ်တုန်းက အပို့ကြီးတွေ ခင်ဗျားကို တော်တော်လေး စိတ်ဆိုးသွားကြတယ်ဆို"

"အဟိ"

"ဒီတစ်ခေါက်ရော ဘာတွေရေးထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒီမှာ၊ ဖတ်ကြည့်ပါဦးဗျ. . . ၊ ဒီတစ်ခေါက်လည်း အရင်တုန်းကလိုပါပဲ. . . အချစ်နဲ့ ပတ်သက်တဲ့ တိုလီမိုလီလေးတွေရယ်၊ အခြား အချစ်နဲ့ပတ်သက်တဲ့ ပျော်ပျော်ရွှင်ရွှင် အဖြစ်အပျက်လေးတွေပါပဲ"

"ကဲ. . . ကျုပ်ကိုပေးထား၊ အိမ်ကျမှ ဖတ်ကြည့်လိုက်ဦးမယ်"

"ဟင်. . . ဒီမှာမဖတ်ဘူးလား"

"ခင်ဗျား သိပ်ရှည်တာပဲ. . . ခင်ဗျားစာအုပ်ကို ဘယ်မှာဖတ်ဖတ်ပေါ့. . . ဖတ်စေချင်တာ အဓိကပဲမဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ပါ. . ."

"ဒါဆို. . . ဘာစကားမှ ထပ်မရှည်နဲ့. . . နေဦး၊ ရှေ့စာမျက်နှာလေးတော့ ဒီမှာ ကြည့်ပေးမယ်. . . အံမယ်. . . ဒီတစ်ခေါက်တော့ 'ချစ်ခံရသော ကျား၊ မ များနှင့် မုန်းခံရသော ကျား၊ မများ အားလုံးသို့' ဆိုပါလား . . . . ."

ချစ်ခံရသော ကျား ၊ မ များ

နှင့်

မုန်းခံရသော ကျား ၊ မ များ

အားလုံးသို့ . . . . .

www.burmeseclassic.com

www.burmeseclassic.com

Museum of
Broken Relationships
(Zagreb)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ရည်းစားနဲ့ ပြတ်သွားပြီဗျာ. . . အခုဆိုရင် ၆ လတောင် ရှိနေပြီ"

"အင်. . . ဟုတ်လား"

လေသံလေးက လွမ်းဆွတ်တသအသံနဲ့ ပြောတဲ့သူလည်း ရှိသည်။

"မိန်းမနဲ့ကွဲသွားတာ မကြာသေးဘူးဗျာ. . . သိပ်သတိရတာပဲ"

"သြော်"

ထိုသို့ဖြင့် ငိုချင်းချတဲ့သူတွေလည်း ရှိသည်။

"ကျွန်တော့်ရည်းစားက ကျွန်တော့်ထက်သာတဲ့ နောက်တစ်ယောက်နဲ့ဗျာ. . . ကျွန်တော့်နေရာကို ခင်ဗျားပဲ ဝင်ခံစားကြည့်ပါတော့"

"အေးဗျာ"

ထို့ပြင် မိန်းမတွေကလည်း တစ်မျိုးတစ်ဘာသာဖြစ်သည်။

"ရှင်တို့ ယောကျ်ားတွေက သစ္စာကို မရှိဘူး"

"အဟင်း"

"အခုတော့ သူက နောက်တစ်ယောက်နဲ့လေ. . . ရှင်တို့ပဲ စဉ်းစားကြည့်ပါတော့. . . ကျွန်မ သူ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ. . ."

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ကျွန်မဘာလုပ်ရမလဲဟင်. . . ပြောပြစမ်းပါဦး
ကျွန်မဘာလုပ်ရမလဲ"

စသည် စသည်ဖြင့် တိုင်တည်ကြသူတွေလဲရှိသည်။

ဤသို့ ပြောလာကြသည့်အခါတွင် ကျွန်တော့်မှာ ပြောစရာ စကားတစ်ခွန်းသာ ရှိသည်။

ထိုစကားကိုလည်း ရှေးသလိုလို ပေါသလိုလို၊ နောက်သလိုလိုနဲ့ အတည်ပြောရလေ့ရှိသည်။

သူက အသည်းကွဲနေပါတယ်ဆိုမှ ကိုယ့်စကားမကြိုက်လို့ ထလုပ်နေရင် ဒုက္ခဆိုပြီး စဉ်းစဉ်းစားစား လုပ်ရသေးသည်။

■

(၂)

တစ်ခါက အိမ်နားရှိ ကောင်လေးတစ်ယောက်က တရှုံ့ရှုံ့နဲ့ ငိုရင်း အိမ်ကိုရောက်လာသည်။

"အစ်ကိုရာ. . . ကျွန်တော့်ရည်းစားက ကျွန်တော့်ကို
ပစ်သွားပြီဗျ. . . ဟီး. . . ဟီး"

ပြောလည်းပြော ငိုလည်းငိုနေသည်။

ကျွန်တော်လည်း ဘာမှမပြောပဲ ဟိုကြည့် ဒီကြည့်လုပ်နေရသည်။ အဲဒီလိုအသည်းကွဲလာတဲ့သူတွေဆိုရင် သိပ်စိတ်ညစ်ဖို့ကောင်းတာ။

သူတို့အကြောင်းတွေရင်ဖွင့်သည်။ ကောင်မလေးကို သူက ဘယ်လိုကြိုရသည်။ ဘယ်လိုပိုးခဲ့ရသည်။ ဘာတွေဝယ်ပေးခဲ့ရသည်။ ဘယ်လိုယုယခဲ့ရသည်။ စသည် စသည်ဖြင့် ပြောမဆုံးတော့. . .

ထမင်းစားပြီးချိန်မှာ ရောက်လာရင်တော့ ညနေစောင်းတဲ့ အထိ မနားမနေပြောနိုင်သည့် အသည်းကွဲသမားတွေဖြစ်သည်။

"အစ်ကိုရာ. . ကျွန်တော့်ကို ဒီအတိုင်းကြည့်နေတော့မှာလား" ကျွန်တော်လဲ စကားလေးတစ်ခွန်းတလေဝင်ပြောမှ ကောင်းမည်ဟု စဉ်းစားရင်း -

"ဟို. . . ပြန်ကြိုးစားကြည့်ပါလားကွ"

"မရတော့ဘူး အစ်ကို. . . မရတော့ဘူး"

ဗီဒီယိုထဲကအိုက်တင်တွေအတိုင်း ဆံပင်ကိုလက်နဲ့ထိုးဖွ၊ ရှိဝေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို နံရံဆီပို့ထားသည်။

"မင်းက ဘာအမှားလုပ်လို့ မင်းကိုပစ်သွားရတာလဲ"

"မသိပါဘူးအစ်ကိုရာ. . . မေးလို့လည်းမရဘူး. . ."

"အချိန်တော့နည်းနည်းစောင့်ရမယ်ထင်တယ်ကွ"

"အစ်ကိုရာ. . . သူနဲ့ ကျွန်တော်ပြတ်သွားတာ ၆ လတောင်ရှိပြီ၊ ဒီကြားထဲမှာ နည်းအမျိုးမျိုးနဲ့ကြိုးစားတာပဲ၊ ဘယ်လိုမှ မရဘူး"

"၆ လတောင်ရှိနေပြီ. . . ဘာဖြစ်လို့အခုမှပြောနေရတာလဲ"

ကျွန်တော်လည်း စိတ်အချဉ်ပေါက်တာနဲ့ ပြောချပစ်လိုက်သည်။

"မဟုတ်ဘူး အစ်ကိုရ. . . ဒီနေ့က သူ ကျွန်တော့်ကို အဖြေပေးခဲ့တဲ့နေ့လေ. . ဒါကြောင့် အစ်ကို့ဆီမှာလွမ်းနေတာပေါ့"

ဘာမှမဆိုင်သော်လည်း . . . စိတ်မကောင်းသလိုလို ဘာလိုလိုနဲ့ သက်ပြင်းတစ်ချက် ချလိုက်ရသည်။

သူလို နံရံကို မငေးကြည့်သော်လည်း ခေါင်းကို အောက်နည်းနည်းချထားလိုက်သည်။

"ပြီးတော့. . အစ်ကို. . . သူ. . သူ. . နောက်တစ်ယောက်တောင်ရသွားပြီဗျ"

"ဟင်း"

ဒါကိုတော့ ကျွန်တော် တကယ်စိတ်မကောင်းပါ။

သူမှာ မျှော်လင့်ချက်လေးနဲ့ (၆) လတိတိ ကြိုးစားနေပုံရသည်။ ဒီနေ့မှ သူကောင်မလေးက နောက်တစ်ယောက်နဲ့ ဆိုတာကို သိသွားပြီး ပိုပြီး ဝမ်းနည်းကြေကွဲနေပုံရသည်၊ မျှော်လင့်ချက်ကြီး ဗုန်းဗုန်းလဲသွားပုံရသည်။

"အစ်ကို. . . ကျွန်တော်. . . ဘာလုပ်ရမလဲ. . . ဟင်"

ကျွန်တော် သူ့ကို တစ်ချက်ကြည့်လိုက်သည်။

"ဒီအတိုင်းဆိုရင် သူလည်း နောက်တစ်ယောက်နဲ့ အဆင်ပြေနေပြီဆိုတော့. . . မင်းမေ့လိုက်တာအကောင်းဆုံးဖြစ်မှာပါ"



"ဟုတ်ပါတယ် အစ်ကို. . . ကျွန်တော်လည်း မေ့ဖို့ ဆုံးဖြတ်ထားပါတယ်. . . ဒါပေမယ့် ခက်တော့ ခက်တယ် အစ်ကို၊ သူ့ကို ဘယ်လို မေ့ပစ်လို့ရမလဲ"

"အာ. . ."

သိပ်ခက်တဲ့ မေးခွန်းဖြစ်သည်။

အချိန်တန်ရင် သူ့အလိုလိုမေ့သွားမည်ဖြစ်သော်လည်း အခုအချိန်မှာတော့ သူတို့အသည်းကွဲသမားတွေက ထိုစကားကို လက်ခံမည်မဟုတ်ပေ. . .။

ဒီတော့ ကျွန်တော်လည်း အပြေးအလွှားစဉ်းစားရင်း . . .

"နေဦး. . . ငါတစ်ခုသတိရပြီ"

"ဘာ. . . ဘာများလဲ အစ်ကို"

သူလည်း စိတ်ဝင်စားလာပြီး မျက်ရည်များကို သုတ်လိုက်၏။

"မင်း သူ့ကို ချစ်ကြောင်းလဲ သက်သေပြလို့ရမယ်ကွာ"

"ဟာ. . . ဟုတ်လား"

"ပြီးတော့ ကဗျာဆန်ဆန်လေးလဲ ဖြစ်မယ်လေ"

"ဟင်"

"နောက်ပြီး. . . မင်းအသည်းကွဲတဲ့ ဇာတ်လမ်းကို ကမ္ဘာကြီးတစ်ခုလုံးကလဲ သိမယ်ကွာ"

"တကယ်"

သူမှာ စိတ်ဝင်စားလွန်းသောကြောင့် ပါးစပ်မပိတ်နိုင်ပဲ ဟစိဟစိဖြစ်နေသည်။

"ဒါပေမယ့်. . . မင်းမှာ မင်းရဲ့ချစ်သူနဲ့ ပတ်သက်ပြီး အမှတ်တရပစ္စည်းလေးတွေရှိသေးလား"

"အများကြီးပဲ အစ်ကို အများကြီး. . . ပြော. . . ပြောပါဦး အစ်ကို . . . ကျွန်တော် အသည်းကွဲနေတာကို လူအများသိအောင်ဘယ်လိုလုပ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ အူကြောင်ကြောင်နိုင်လိမ့်မယ်ကွ"
"ရပါတယ်"
"ပိုက်ဆံလည်း နည်းနည်း ကုန်မယ်နော်"
"ဖြစ်တယ်"
"ဒါဆို. . . . ."

■

"အသည်းကွဲပြတိုက်ကိုသွား ....."

www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဟင်. . ဘာ. . ဘာကို"

"အသဲကွဲပြတိုက်ကိုသွားလို့ပြောတာ"

"အပြင်မှာ ရှိလို့လား"

"ရှိတယ်"

"အဲဒါက ဘာလုပ်လို့ရတာလဲ"

"မင်းနဲ့ မင်းကောင်မလေးကြားမှာ ပတ်သက်ခဲ့တဲ့ပစ္စည်းလေးတွေကို အဲဒီပြတိုက်ကို ပို့ပေးလို့ရတယ်၊ အဲ့ဒါကို နိုင်ငံတကာကလူတွေက အခကြေးငွေပေးပြီး ဝင်ကြည့်တာ"

"ဟာ. . . မိုက်လိုက်တာ"

"ဥပမာ. . . မင်းနဲ့မင်းရဲ့ချစ်သူကြားမှာ စာရွက်အပြလေး တစ်ခုရှိခဲ့မယ်ဆိုပါစို့၊ အဲဒီစာရွက်အပြလေးကလည်း မင်းဆီမှာ အခုထိရှိနေဦးမယ်ဆိုရင်. . . အဲဒီစာရွက်အပြလေးနဲ့ အတူ. . . ဘာဖြစ်လို့စာရွက်ပြခဲ့တယ်၊ ဘာကိစ္စကြောင့်၊ ဘယ်နေ့၊ ဘယ်ရက်ဆိုတာကို ရေးသားပြီး အဲဒီပြတိုက်ကို ပို့ပေးလို့ရတယ်"

"ကျွန်တော်လိုကောင်မျိုးရဲ့ ဟာတွေကို အဲဒီ ပြတိုက်မှာ ပြပေးပါ့မလား"

"အဲဒီပြတိုက်က နာမည်ကြီးမှ ပြပေးတာမဟုတ်ဘူး. . . မထင်မရှားလူတွေရဲ့ အသည်းကွဲကိစ္စလေးတွေကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြပေးထားတယ်"

"ဟာ. . . မိုက်တယ်ဗျာ. . . အဲဒီပြတိုက်က ဘယ်မှာလဲ"

"ခရော်တီးယားနိုင်ငံထဲက Zagreb မြို့မှာရှိတယ်"

သူနည်းနည်းငြိမ်သွားသည်။

ခုနကလို ချစ်သူကို လွမ်းလို့ တမ်းတလို့ မဟုတ်လဲ တစ်ခုခုကို အသည်းအသန်စဉ်းစားနေပုံရသည်။

ဤသို့ဖြင့် ခဏအကြာတွင်-

"ရပြီ. . . အစ်ကို. . . ရပြီ"

"ဟင်. . . ဘာ. . . ရတာလဲ"

"သူနဲ့. . . ကျွန်တော့်ကြားက ထူးထူးဆန်းဆန်းပစ္စည်းလေးတွေရှိတယ်၊ ပြန်ရှာလို့ရနိုင်တယ်. . ဟုတ်တယ်"

ကျွန်တော့်ကိုပြောသလိုလို၊ သူ့ကိုယ်သူပြောသလိုလိုလုပ်ရင်း ထိုင်နေရာမှ ထသည်။

ထို့နောက် ကျွန်တော့်ကိုပင် မနှုတ်ဆက်တော့ပဲ အိမ်ပေါ်မှ ဆင်းသွားလေသည်။

ပါးစပ်ကလည်း -

"အင်း. . . ငါ့ကုတင်အောက်က သေတ္တာထဲမှာထင်တယ်၊ နေပါဦး. . . အဲဒီကိစ္စက မေလ. . . ၂၆ ရက်နေ့ဖြစ်တာလား. . .၊ ဇွန်လ ၂၆ ရက်နေ့လား. . . တောက်. . . ဦးနှောက်ကလည်း မေ့နေပြန်ပြီ၊ အင်း. . . မေလ ၂၆ ရက်ပဲဖြစ်မယ်ထင်တယ်"

ဟု တတွတ်တွတ် ရေရွတ်ရင်း ထွက်သွားလေတော့သည်။

ထိုနေ့မှစ၍ သူ့အသည်းကွဲတဲ့အကြောင်းတွေကို မနားထောင်ရတော့ပဲ လမ်းမှာတွေ့ရပါက တစ်ခုခုကို စဉ်းစားနေသလိုမျိုး ပုံစံနှင့်သာ တွေ့မြင်ရတော့သည်။

■



# အသည်းကွဲပြတိုက်

အသည်းကွဲပြတိုက်ကို ဥရောပတိုက်၊ ခရော်တီးယားနိုင်ငံထဲမှာရှိတဲ့ Zagreb မြို့မှာ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ချစ်တဲ့သူနဲ့ ကွဲရတဲ့သူတွေ၊ အိမ်ထောင်ကွဲရတဲ့သူတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေကို ခင်းကျင်းပြသထားခြင်းဖြစ်သည်။

ထိုပြတိုက်တွင် ပြသလိုသူသည် ရိုးရိုးပုံစံနဲ့တော့ ပြသလို့ မရပါဘူး။ ဥပမာ မိမိပြသလိုသည်မှာ စာရွက်တစ်ရွက်ဆိုပါစို့။ ထိုစာရွက်သည် ဘယ်နေ့ ဘယ်အချိန်မှာ ဘယ်သူနဲ့ ဘာဖြစ်လို့ စသည်ဖြင့် အသေးစိတ်ရေးသားရပါသည်။

ဆွဲပြခဲ့သည်ဆိုပါက ဘာအကြောင်းကြောင့် စသည်ဖြင့် ရေးသားပေးပို့ရခြင်း ဖြစ်ပါသည်။

နာမည်ကြီး ပုဂ္ဂိုလ်မဟုတ်လည်း ပေးပို့ပြသလို့ရပါသည်။ နှစ်ယောက်အတူတူ သက်ဆိုင်ခဲ့တဲ့ပစ္စည်းဖြစ်ဖို့တော့ လိုအပ်ပါသည်။

ထိုအသည်းကွဲပြတိုက်ကို Zagreb မြို့သားဖြစ်တဲ့ အနုပညာရှင်နှစ်ဦးက တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တစ်ဦးက Olinka Vistica ဖြစ်ပြီး ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးလည်းဖြစ်သည်။ နောက်တစ်ဦးကတော့ ပန်းပုဆရာတစ်ဦးဖြစ်ပြီး နာမည်ကတော့ Drazen Grubisic ဟု ခေါ်၏။

တစ်နေ့ သူတို့နှစ်ဦးဟာ သူတို့ချစ်သူတွေနဲ့ပြတ်ဆဲပြီး

www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲနေသည့်အချိန်ကာလတွင် နှစ်ယောက်အတူ နောက်ပြောင်ရင်း အသည်းကွဲတဲ့သူတွေရဲ့ ပစ္စည်းတွေကို ပြသတဲ့ ပြတိုက်တစ်ခု ဖွင့်ဖို့ စိတ်ကူးရခဲ့ကြခြင်းဖြစ်သည်။

ထိုစိတ်ကူးရပြီး သုံးနှစ်အကြာရောက်မှသာ တကယ်လက်တွေ့အကောင်အထည်ဖော်ဖို့ စတင် လုပ်ဆောင်ခဲ့ကြသည်။

ရှေးဦးစွာ ခင်မင်ရာ သူငယ်ချင်းများရဲ့ အသည်းကွဲပစ္စည်းများတို တောင်းခံရင်း ပြတိုက်ကို စတင်ခဲ့ကြသည်။

၂၀၀၆ ခုနှစ်မှာတော့ အများပြည်သူများ ကြည့်ရှုနိုင်ရန်အတွက် စတင်ပြသနိုင်ခဲ့ကြသည်။

အဲဒီနောက်ပိုင်းမှာတော့ သူတို့ရဲ့ ပြတိုက်ကို ရွှေ့လျားပြတိုက်ပုံစံဖြင့် အာဂျင်တီးနား၊ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနား၊ ဂျာမနီ၊ မက်ဆီဒိုနီးယား၊ ဖိလစ်ပိုင်၊ ဆားဘီးယား၊ စင်ကာပူ၊ ဆိုဗီးနီးယား၊ တောင်အာဖရိက၊ တူရကီ၊ အင်္ဂလန်နှင့် အမေရိကန် တစ်ခွင်ကို တမ္ဘာလှည့်ပြသခဲ့သည်။

၂၀၀၆ နဲ့ ၂၀၁၀ အတွင်းမှာပဲ အသည်းကွဲပြတိုက်ကို ကြည့်ရှုသူပေါင်း (၂) သိန်းကျော်ခန့်ရှိသည်ဟု သိရပါသည်။ ထိုကမ္ဘာလှည့်ပြသသည့် ခရီးစဉ်မှာလည်း အသည်းကွဲသူတော်တော်များများက သူတို့၏ ပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ကြသည်။

နောက်ပိုင်းတွင် အသည်းကွဲပြတိုက်ကို ယာယီဖွင့်လှစ်ရန်အတွက် ခရော်တီးယားယဉ်ကျေးမှုဝန်ကြီးဌာနကို လျှောက်ထားရာ ဝန်ကြီးဌာနက ပယ်ချလိုက်သောကြောင့် သူတို့နှစ်ဦးသည် မိမိတို့ကိုယ်ပိုင်ပိုက်ဆံဖြင့် ပြတိုက်တစ်ခုဖွင့်လှစ်ရန် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။

နောက်ဆုံးတွင် ၂၀၁၀၊ အောက်တိုဘာလလောက်မှာ Zagreb ရဲ့ Upper Town မှာ ဧက 3200 Sqft ကျယ်ဝန်းသော နေရာတစ်ခုကို ငှားရမ်းကာ Zagreb မြို့ရဲ့ပထမဦးဆုံး ပုဂ္ဂလိကပြတိုက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့လေသည်။

နေ့စဉ် ကမ္ဘာလှည့်ခရီးသည်ပေါင်း မြောက်များစွာ လာ



ရောက်ကြည့်ရှုသော ပြတိုက်တစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၁ ခုနှစ်၊ မေလမှာတော့ European Museum Forum (EMF) ကပေးတဲ့ Kenneth Hudson Award ကို ရရှိခဲ့သည်။

အသည်းကွဲပြတိုက်ဟာ စဖွင့်ခြင်းတုန်းက ကြုံကြုံဖန်ဖန်ပေါက်တကရလုပ်ထားတဲ့ ပြတိုက်လို့ထင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကဗျာဆန်ဆန် လွမ်းမောစရာ ဖြစ်တဲ့ပြတိုက်အဖြစ် လူကြည့်တော်တော်များခဲ့သည်။


ယခုထိတိုင်လည်း လူကြည့်များတဲ့ ပြတိုက်တစ်ခုဖြစ်နေပါသည်။ ပြတိုက်ထဲမှာလည်း ကမ္ဘာ့နိုင်ငံအသီးသီးက အသည်းကွဲတဲ့သူတွေရဲ့ အသုံးအဆောင်များနှင့် ၎င်းတို့ရဲ့ ဇာတ်လမ်းလေးတွေက စိတ်ဝင်စားဖွယ်ရာ ရှိနေတာကို တွေ့ရှိရသည်။

အမျိုးသမီးတစ်ဦးဆိုရင် သူ့ယောကျ်ား နောက်မိန်းမနှင့် ဖောက်ပြန်သောကြောင့် လိုက်ခုတ်ခဲ့တဲ့ ပုဆိန်ကိုတောင် ပြသထားပါသည်။


■

www.burmeseclassic.com


www.burmeseclassic.com




Zagreb မြို့ရှိ အသည်းကွဲပြတိုက်ပုံ



အသည်းကွဲပြတိုက်ရှိ မှတ်တမ်းတစ်ခု





အသည်းကွဲပြတိုက်ရှိ မှတ်တမ်းတစ်ခု




အသည်းကွဲပြတိုက်ရှိ မှတ်တမ်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲပြတိုက်ရှိ မှတ်တမ်းတစ်ခု



အသည်းကွဲပြတိုက်ရှိ မှတ်တမ်းတစ်ခု



အမျိုးသမီးတစ်ဦးက သူ့ယောက်ျား နောက်မိန်းမနှင့်
ဖောက်ပြန်သောကြောင့် လိုက်ခုတ်ခဲ့တဲ့ ပုဆိန်

www.burmeseclassic.com

www.burmeseclassic.com

ငို ..... ငို ..... ငို .....



www.burmeseclassic.com

www.burmeseclassic.com


## ၁၈ ။ မိန်းကလေးတွေ ဘာကြောင့် ငိုတာများပါသလဲ?

၆ ။ တစ်မက်ပုံတိုသာ ကြည့်ပါတော့များ။

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတွေ ဘာအကြောင်းကြောင့် ငိုကြတာလဲ?




www.burmeseclassic.com

www.burmeseclassic.com

၁၄ ရက်နေ့တိုင်း .....




www.burmeseclassic.com

www.burmeseclassic.com

(၁)

"ချစ်သူများနေ့ကလည်း မရောက်ပဲ မရောက်နိုင်တော့ဘူး. . . တစ်လတောင်လိုသေးတယ်"

"ရောက်ရင် မင်းက ဘာလုပ်မလို့လဲ"

"ဟ. . . ချစ်သူကို ချောကလတ်ကျွေးမယ်၊ ပန်းလေးတွေ လက်ဆောင်ပေးမယ်လေကွာ"

"ဟာ. . . လစဉ်လတိုင်း ပေးလို့ရနေတဲ့ဟာကို"

"မင်းက. . . ဒုံးကိုဝေးတာပဲ၊ သမီးရည်းစားနေ့ဆိုတော့ အမှတ်တရ ဘာညာလုပ်လို့ရတာပေါ့"

"ဘာလဲ ဘာညာ လုပ်တယ်ဆိုတာ"

"ဟာကွာ. . . မင်းက တမျိုးတွေးပြန်ပြီ. . . အချစ်ရေ. . . ဒီနေ့ကလေ စသည်ဖြင့် တော်ကီပစ်ပြီး အကြောင်းမရှိ အကြောင်းရှာ ကြည်နူးလို့ရတယ်လို့ ပြောတာ. . . ဟူး. . . မောတာ"

"ဪ. . . သိပြီ. . . သိပြီ"

"အေး. . . သိရင်ပြီးရော. . . ဒါနဲ့ နေပါဦး၊ မင်းက ဘယ်ကို သွားမှာလဲ"

"ဒီနေ့ (၁၄) ရက်နေ့ဆိုတော့ ငါ့ချစ်သူကို လက်ဆောင်သွားပေးမလို့ပေါ့"

"ဟာ. . ဟော့တောင်၊ မင်းက ချစ်သူများနေ့နဲ့များနေပြီထင်

www.burmeseclassic.com

www.burmeseclassic.com



တယ် . . . ဒီနေ့က ဖေဖော်ဝါရီ (၁၄) မဟုတ်ဘူးလေ၊ ဇန်နဝါရီ (၁၄) လေကွာ"

"အာ. . ဘယ်လဖြစ်ဖြစ် ၁၄ ရက်နေ့ရောက်ပြီဆိုရင် သူနဲ့ သက်ဆိုင်ရာ လက်ဆောင်နဲ့ အထိမ်းအမှတ်တွေ ပြုလုပ်လို့ ရတယ်ကွ"

"ဟာ. . . တကယ်"

"အေး. . . ဂယ်ပေ့ါကွ"

"မင်းကွာ. . . စောစောကတည်းက ပြောတာမဟုတ်ဘူး၊ ဒီနေ့က (၁) လပိုင်း ၁၄ ရက်နေ့ဆိုတော့. . . ဘာ. . . ဘာလက်ဆောင်ပေးရတာလဲ. . ."

"နှစ်တစ်နှစ်ရဲ့အစဆိုတော့ တစ်ဦးနဲ့တစ်ဦး မှတ်တမ်းလေးတွေ ရေးလို့ရအောင် ဒိုင်ယာရီလေးတွေ အပြန်အလှန် လက်ဆောင်ပေးရတဲ့နေ့ကွ 'Diary Day' လို့ ခေါ်တယ်၊ ဒိုင်ယာရီနဲ့အတူ ပန်းခြင်းလေးလည်း လက်ဆောင်ပေးလို့ ရသေးတယ်ကွ"

"ဟာ. . . အေး၊ ခဏ. . . ခဏကွာ၊ ငါ့ကို တစ်လချင်းစီ ပြော. . . ငါလိုက်မှတ်မလို့"

သူ့အိတ်ထဲက စာအုပ်ကို ထုတ်ကာ လိုက်မှတ်လေတော့သည်။

■




### 1. January 14th "Diary Day"



နှစ်တစ်နှစ်ရဲ့အစပိုင်းလတစ်လဖြစ်တဲ့အတွက် ချစ်သူရှိတဲ့ လူတွေက တစ်ဦးနဲ့တစ်ဦး အမှတ်တရအဖြစ်အပျက်လေးတွေကို ဒိုင်ယာရီထဲရေးလို့ရအောင် အပြန်အလှန် လက်ဆောင်ပေးလို့ ရပါတယ်။

ချစ်သူမရှိသေးတဲ့လူတွေကလည်း ကိုယ်ချစ်နေတဲ့သူကို အဲဒီနေ့မှာ ဒိုင်ယာရီပေးမယ်ဆိုလည်း ဖြစ်ပါတယ်။

ဒိုင်ယာရီနဲ့အတူ ပန်းစည်း (သို့) ပန်းခြင်းလေးတစ်ခုပါတွဲပြီး လက်ဆောင်ပေးရင်တော့ အကောင်းဆုံးပေ့ါ။



### 2. February 14th "Valentine Day"

ဒါကတော့ လူသိများတဲ့ နေ့တစ်နေ့ပါ။ ချစ်သူများနေ့လို့ ခေါ်ကြတယ်။ ချောကလက်လေးတွေ၊ နှင်းဆီပန်းလေးတွေကို ကိုယ် ချစ်တဲ့ သူတွေအတွက် လက်ဆောင်ပေးတဲ့ နေ့တစ်နေ့ ဆိုလည်း မမှားပါဘူး။

ကြည်နူးစရာ ကောင်းလှတဲ့ နေ့လေး တစ်နေ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



### 3. March 14th *"White Day"*

ယောက်ျားလေးတွေက သူတို့ချစ်တဲ့ သူတို့ သကြားလုံး (ဒါမှမဟုတ်) လက်ဆောင် တစ်ခုခုပေးလို့ရတဲ့ နေ့ပါ။



အဖြူရောင်နေ့လို့ ခေါ်ပါတယ်။ အဲဒီနေ့မှာ သကြားလုံး (ဒါမှမဟုတ်) လက်ဆောင်တစ်ခုခုပေးခြင်းဟာ သူတို့ရဲ့ ချစ်ခြင်းမေတ္တာကို ပြသလို့ ရတဲ့နေ့တစ်နေ့ ဆိုပြီးတော့လည်း ယူဆကြပါတယ်။

### 4. April 14th *"Black Day"*

ဒီနေ့ကတော့ တစ်ကိုယ်တည်း လူပျိုကြီးတို့ အပျိုကြီးတို့ ကိုယ်အသုံးမကျလို့ ရည်းစားလေးတစ်ယောက်တောင်မရှိသေးတဲ့ လူတွေအတွက်လို့ ဆိုထားတဲ့ နေ့တစ်နေ့ပါ။

စုံတွဲမရှိသေးတဲ့ လူတွေအချင်းချင်း တစ်နေရာမှာ စုပြီး အထိမ်းအမှတ်ပွဲလေးလုပ်ကြပါတယ်။

အဲဒီနေ့မှာ အားလုံးဟာ အနက်ရောင်အင်္ကျီများကို တူညီစွာ ဝတ်စားထားကြရပြီး (တစ်ချို့စာအုပ်ထဲမှာတော့ တရုတ်အနက်ရောင် ခေါက်ဆွဲတစ်မျိုးကို အတူတူစားကြတယ်) လို့ ဆိုထားပါတယ်။

ဒီနေ့ကိုတော့ အနက်ရောင်နေ့ (Black Day) လို့ခေါ်ပါတယ်။



### 5. May 14th *"Rose Day"*

နာမည်ကိုက 'နှင်းဆီပန်းများနေ့' လို့ဆိုထားတော့ အဲဒီနေ့မှာ ကိုယ့်ချစ်သူကို နှင်းဆီပန်းလေးတွေပေးရတဲ့နေ့ဆိုတာကိုတော့ ခိတ်ဆွေလည်း ရိပ်မိမှာပါ။

နှင်းဆီပန်းလေးပေးပြီး မိတ်ဆွေရဲ့အချစ်ကို ဖော်ပြလို့ရတဲ့ နေ့တစ်နေ့ဆိုလည်း မမှားပါဘူး။

[အချို့စာအုပ်ထဲမှာတော့ အဝါရောင်နေ့ (Yellow Day) ဆိုပြီး မှတ်တွေ့ရပါသေးတယ်။ သူကတော့ ချစ်သူမရှိတဲ့ သူတွေ အတွက်ပါ။ ပြီးခဲ့တဲ့လက အနက်ရောင်ဝတ်ပြီး အနက်ရောင်ခေါက်ဆွဲ စားဖြစ်လိုက်တဲ့ တစ်ကိုယ်တည်းသမားတွေအတွက် ဒီနေ့မှာ အဝါရောင်ထမင်း (အဝါရောင်ဟင်းအနှစ်ဆမ်းထားတဲ့ နယ်ထားတဲ့ ထမင်း) ကို စားကြတဲ့နေ့လို့ ဆိုထားပါတယ်။]

### 6. June 14th *"Kiss Day"*

ဒါကတော့မပြောတော့ပါဘူးဗျာ၊ ဒီနိုင်ငံမှာတော့ မကောင်းပါဘူး။ လိုက်မလုပ်ကြနဲ့ဦး။

### 7. July 14th *"Silver Day"*

ဒီနေ့မှာ ကိုယ့်ချစ်သူကို ငွေထည်ပစ္စည်းတစ်ခုလက်ဆောင်ပေးရင်း အနာဂတ်ကာလအတွက် ကတိစကားတစ်ခု ပြောလို့ရတဲ့ နေ့ တစ်နေ့လို့ ဆိုထားပါတယ်။



ဆေးလိပ်မသောက်တော့ပါဘူး။ ရေမှန်မှန်ချိုးပါ့မယ် စသည်ဖြင့် ကတိလေးဘာလေးပေးပေါ့ ဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



8. **August 14th** ***"Green Day"***

အစိမ်းရောင်နေ့လို့ ခေါ်ပါတယ်။ ဒီနေ့မှာ ချစ်သူစုံတွေဟာ သဘာဝအလှအပတွေရှိတဲ့ နေရာများကို အလည်အပတ်သွားပြီး တစ်နေ့တာ ကုန်ဆုံးကြတယ်လို့ ဆိုထားပါတယ်။

(မူကွဲတစ်ခုမှာတော့ ဒီနေ့ကို Music Day လို့လည်း ဆိုထားပါတယ်။ အချစ်သီချင်းလေးတွေပါတဲ့ CD လေးတွေကို သူငယ်ချင်းပဲဖြစ်ဖြစ်၊ ချစ်သူအချင်းချင်းပဲဖြစ်ဖြစ် ပေးလို့ရတဲ့ နေ့လို့ ဆိုထားပါတယ်။ ဒါကတော့ ရည်းစားမရှိသေးတဲ့သူတွေအတွက် ပိုပြီး ကဗျာဆန်လို့ ရတာပေ့ါ။)

9. **September 14th** ***"Photo Day"***

ဓာတ်ပုံလှလှလေးတွေရိုက်ပြီး အပြန်အလှန်လက်ဆောင်ပေးလို့ရတဲ့နေ့လို့ ဆိုထားတဲ့ နေ့တစ်နေ့ပေ့ါ။

နှစ်ယောက်တွဲ ပုံပဲဖြစ်ဖြစ်၊ တစ်ယောက်ထဲပုံပဲဖြစ်ဖြစ်၊ အခြားအလှပုံပဲဖြစ်ဖြစ် ရိုက်ပြီး အမှတ်တရ ပေးလို့ရတယ်လို့ ထင်ပါတယ်။

စာထဲမှာတော့ အသေးစိတ်မပါပါဘူး။

10. **October 14th** ***"Wine Day"***

သူတို့ဆီမှာတော့ ကိုယ့်ရင်ထဲက အချစ်ဆုံးသူနဲ့ ဝိုင်လေးတွေ သောက်ပြီး ကြည်နူးပျော်ရွှင် တီတီတာတာ ပြောလို့ရတဲ့ နေ့လို့ ဆိုထားပါတယ်။




ဒီနိုင်ငံမှာတော့ 'အအေးလေး ဘာလေးသောက်' ပေ့ါ။ ဒါဆို 'Cold Drink Day' ဆိုပြီး ပြောင်းရမယ် ထင်တယ်။






11. **November 14th** ***"Movie Day"***

အချစ်ဇာတ်လမ်းလေးတွေကို နှစ်ယောက်သားအတူတူ ကြည့် ကြတဲ့ နေ့လေးတစ်နေ့ပါ။ ပျော်စရာကောင်းတဲ့ နေ့လေးတစ်နေ့ဖြစ်မှာပါ။

12. **December 14th** ***"Hug Day"***

ပွေ့ဖက်တဲ့နေ့လို့ ဘာသာပြန်လို့ရတဲ့နေ့တစ်နေ့ပါ။ သူတို့ဆီမှာက အေးတဲ့ရာသီဆိုတော့ ချစ်သူနဲ့အတူ နွေးထွေးစွာ ပွေ့ဖက်ပြီး ဖြတ်သန်းကြတဲ့နေ့တစ်နေ့လို့ ဆိုထားပါတယ်။




(မူကွဲတစ်ခုကတော့ ထိုနေ့ကို 'Money Day' လို့လည်း ဆိုထားပါသေးတယ်။ ကိုယ်ချစ်တဲ့သူအတွက် သဘောထားကြီးကြီးနဲ့ မိမိမှာရှိတဲ့ ငွေတွေကို သူ့အတွက် သုံးဖြုန်းတဲ့ နေ့လို့ဆိုထားပါတယ်။

မိတ်ဆွေက 'Money Day' ဆိုတာကို မကြိုက်ရင် မသိချင်ယောင်ဆောင်ပြီး ကျော်ဖြတ်သွားပေ့ါ။ ဟုတ်ဘူးလား။ တော်ကြာ မရှိမဲ့ ရှိမဲ့ ငွေတွေ ကုန်နေမှဖြင့် .....)

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ တစ်ဖက်ပါ လစဉ် (၁၄) ရက်နေ့ အထိမ်းအမှတ် များမှာ ဂျပန်နှင့် ကိုရီးယားတွင် တွင်တွင်ကျယ်ကျယ် ပြုလုပ်လေ့ရှိသည့်နေ့များဖြစ်ပါသည်။ ဒီမှာတော့ သိပ်ပြီး မတွင်ကျယ်သေးပါ။ တစ်ချို့ကတော့ စီးပွားရေးလုပ်ငန်းရှင်များက သူတို့ ပစ္စည်းများကို ရောင်းရန်အတွက် ထိုနေ့များကို တီထွင်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဟုတ် မဟုတ်တော့ အတိအကျမသိပါ။

# ကာတွန်းများက ပြောသော အချစ် .....

www.burmeseclassic.com

www.burmeseclassic.com



## (၁) မြင်မြင်ချင်းပဲချစ်မိတယ် ..... ။



မြင်မြင်ချင်းအချစ်ကို
အချစ်စစ်လို့ မိတ်ဆွေထင်ပါသလား .....?

www.burmeseclassic.com

www.burmeseclassic.com



(၂)


# SHE'S BROKEN

SHE'S BROKEN (သူမအသည်းကွဲနေချိန်မှာ)
HE'S OK (သူကတော့ အေးဆေးပါပဲ)

ဒီကိစ္စကတော့
တစ်ချို့စုံတွဲတွေအတွက်ပဲ မှန်ပါလိမ့်မယ်. . .
တော်တော်များများက
အသည်းကွဲကြတဲ့အချိန်မှာ
ထပ်တူခံစားရလိမ့်မယ်လို့
ယုံကြည်ပါတယ် . . . . .



(၃)




သင်ရော . . .
ဘယ်လိုအချစ်ကို ကြုံတွေ့ခဲ့ပြီးပြီလဲ . . . . .

www.burmeseclassic.com

www.burmeseclassic.com



(၄)

## Solve for "I"

$$9x-7i > 3(3x-7u)$$

$$9x-7i > 9x-21u$$
$$-9x \quad\quad -9x$$

$$\frac{-7i}{-7} > \frac{-21u}{-7}$$

$$i < 3u$$

တစ်ခါတစ်ခါကျတော့လဲ
အချစ်ဆိုတာ ရှုပ်ထွေးသားဗျ . . .
ဖြေရှင်းနိုင်ကာမှ
အချစ်တို့သည်
တည်မြဲနိုင်သကိုးဗျ . . . . .



(၅)

## အချစ်ဆိုတာဘာလဲ?



သင်္ချာမှာဆိုရင်တော့ အချစ်ဆိုတာ
အိုကွေးရှင်းတစ်ခုပေါ့ . . .



အဲ. . . သမိုင်းထဲမှာဆိုရင်
စစ်ပွဲတဲ့ဗျ. . .



ဓာတုမှာဆိုရင်တော့
ဓာတ်ပြုတဲ့သဘောပေါ့ . . .



အနုပညာနဲ့ပြောရရင်
အချစ်ဆိုတာ
နူးညံ့တဲ့ နှလုံးသားလေးတစ်ခုပါဗျာ . . .

www.burmeseclassic.com

www.burmeseclassic.com



(၆)

**ဘဝတစ်ခုရဲ့ပုံမှန်အချစ်**




ကျွန်တော့်ဘဝရဲ့အချစ်ကတော့. . .




ဟူး. . .
ကျွန်တော်တို့
အကြိမ်ကြိမ်
အဲဒီလို ဖြစ်ဖူးကြပါတယ်. . . . .



(၇)

## ကျွန်တော်အသည်းပုံဆွဲတဲ့အခါ ...

စဆွဲတုန်းကတော့ အိုကေပါပဲ . . .



နောက်မှသာ. . .



အဲဒီလိုပဲ
အချစ်ဆိုတာ စစတုန်းကတော့ အဆင်ပြေသလားဗျ. . .
ကြာမှသာ . . . . .

www.burmeseclassic.com

www.burmeseclassic.com



(၈)



ယောပတ်နဲ့ ပေါင်မုန့်



ကြယ်နဲ့လ



ဝက်နဲ့ရွှံ့



စာရွက်နဲ့ခဲတံ



ကော်ဖီပူနဲ့ ဆောင်းရာသီ

ပြီးတော့ . . . . . မင်းနဲ့ငါ . . .
ဒါတွေဟာ အမြဲတမ်း တွဲဖက်နေတဲ့ အရာတွေပါ. . . . .




(၉)

**ကမ္ဘာပေါ်မှာ လူတစ်ယောက်ဟာ ပျော်ရွှင်ဖို့ဆိုရင်
အကြောင်းအရာသုံးခု လိုအပ်ပါတယ် ...**



သင်ချစ်ရမယ့်သူတစ်ဦး



သင်ဝါသနာပါရာ အလုပ်တစ်ခု



ပြီးတော့. . . မျှော်လင့်ချက်တစ်ခု. . .

www.burmeseclassic.com

www.burmeseclassic.com




(၁၀)




ကဲ. . . ကောင်မလေးရေ. . .
နင်ကရော ငါ့ကို အဲဒီတစ်ခုလေးပဲ
မလိုက်လျောနိုင်ဘူးလား. . . . .



(၁၁)




မိန်းမတိုင်းဟာ
အဲ့ဒီလိုမျိုးကြီးပဲလို့ တွေးထားလို့ မရပါဘူးဗျာ . . .
တစ်ခါတစ်ခါ
ကိုယ်ဖမ်းထားတဲ့ ငါးတွေကို
ကူသယ်ပေးတဲ့ လူလို့ရော
တွေးကြည့်လို့ မရဘူးလား . . . . .

www.burmeseclassic.com

www.burmeseclassic.com

Valentine's Day အတွက်
အချစ်စာအုပ်
လက်ဆောင် .....

www.burmeseclassic.com

www.burmeseclassic.com


**မေး ။** ဒီနှစ် Valentine's Day အတွက် ဘာ လက်ဆောင်ပေးရမလဲ?

**ဖြေ ။** Romance လေးလေးဖြစ်ချင်တယ်၊ ခပ်ဆန်းဆန်း လေးလေးဖြစ်ချင်တယ်။ ပြီးတော့ သင့်ချစ်သူဟာ စာဖတ် ဝါသနာပါသူ၊ စာအုပ်ချစ်မြတ်နိုးသူ တစ်ယောက် ဖြစ်နေတယ်ဆိုရင်တော့ တစ်ဖက်ပါ အချစ်စာအုပ် လက်ဆောင်ပေးဖို့ တိုက်တွန်းပါရစေ။

နည်းနည်းတော့ ခက်ပါတယ်။ ပုံကိုကြည့်ပြီး အချစ်စာအုပ်ကို ပြုလုပ်လို့ရပါတယ်။ သင့်ရဲ့ အချစ်စာအုပ်ကို သင့်ချစ်သူ ဖွင့်လိုက်ပါက စာအုပ်ထဲက သင့်အချစ်ကို တွေ့လိုက်ရတဲ့ ပုံစံမျိုး ပြုလုပ်ထားတာပါ။ စိတ်ကူးကောင်း လေးတစ်ခုပါ။ ပေးဖြစ်အောင်ပေးဖို့ပဲ တိုက်တွန်းပါတယ်။ စာအုပ်ကလည်း အချစ် စာအုပ် ဖြစ်ရင်တော့ ပိုကောင်းတာပေါ့။ စိတ်ရှည်ဖို့တော့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# Hate Day

## မုန်းသူများနေ့ .....




www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီ (၁၄) ရက်၊ ချစ်သူများနေ့အပြီး

နောက်တစ်နေ့ဖြစ်တဲ့

ဖေဖော်ဝါရီ (၁၅) ရက်ဟာ

မုန်းသူများနေ့ (Hate Day) ဖြစ်ပါတယ် . . .

ဟင် . . .

မယုံဘူးလား . . .

အဲဒီနေ့ဟာ ကျွန်တော်တို့ကျောင်းမှာ

နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့တဲ့ နေ့လေးတစ်နေ့ပါ . . .

ဖြစ်ပုံက

အဲဒီနေ့ကို ကျောင်းမှာ

ဘယ်သူက စလို့စမှန်း မသိလိုက်တာပါ . . .

အဲဒီနေ့မှာ

လုပ်ရေလုပ်ထရှိတဲ့ အကြောင်းအရာလေးတွေကို

နည်းနည်းတော့ ပြောပြချင်ပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

**(၁) Hate စာအုပ်ထဲတွင် မိမိမုန်းသောသူ နာမည်၊ ဘာကြောင့်မုန်းသည်၊ ဘယ်လောက်တောင်မုန်းသည် စသည်တို့ကို ရေးသား မှတ်တမ်းတင်ခြင်း။**

ဒီနေ့သည် Hate Day ဖြစ်သည်ဆိုပါစို့။ ထို့ပြင် သင့်မှာလည်း မုန်းတဲ့လူတစ်ယောက်ရှိနေသည် (သို့) မုန်းတဲ့ကိစ္စအကြောင်းအရာတစ်ခု ရှိနေသည်ဆိုပါက ကျောင်းရောက်ရောက်ခြင်း Hate (အမုန်းမှတ်တမ်းစာအုပ်) ဘယ်ကင်တင်းမှာ ထားသည်ဆိုတာကို စုံစမ်းပြီး မိမိစိတ်ကြိုက်ရေးသားပေါက်ကွဲနိုင်သည်။

အမုန်းစာအုပ်သည် သေသပ်လှပစွာ ပြုလုပ်ထားသော အနက်ရောင်စာအုပ် ထူထူတစ်အုပ်ဖြစ်သည်။

Hate Day နေ့ရောက်တိုင်း မုန်းသူများ မှတ်တမ်းတင်နိုင်ရန်အတွက် ကင်တင်းတစ်ခုရှိကောင်တာတွင် ထားထားလေ့ရှိသည်။

မှတ်တမ်းရေးလိုသူက ထိုကင်တင်းကောင်တာမှ တောင်းယူပြီး မိမိရေးလိုရာရေးကာ ကောင်တာသို့ ပြန်ပေးထားရခြင်းဖြစ်သည်။

ထိုနေ့အတွက် စာအုပ်ထဲတွင် ရေးထိုးမှတ်တမ်းတင်သူများမှာ များပြားလွန်းသောကြောင့် ကင်တင်းတွင် စောင့်ယူပြီး မှတ်တမ်းတင်ကြရသည်။

စာအုပ်ထားရသည့် ကင်တင်းမှာလည်း နှစ်တစ်နှစ် အလိုင်း မတူချေ။ အလှည့်ကျထားရခြင်းဖြစ်သည်။ ထိုနေ့အတွက်တော့ ထိုကင်တင်းသည် လူအစည်ဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်ထဲသို့ နောက်ဆုံးရေးထိုးမှတ်တမ်းတင်ရမည့် အချိန်သည် နေ့လည် ၂း၃၀ နာရီ အထိသာဖြစ်သည်၊


၂း၃၀ နာရီ ရောက်နေချိန်တွင် နောက်ဆုံးရေးထိုးမှတ်တမ်း တင်နေသူဖြစ်ပါက ထိုလူသည် အနက်ရောင်အမှန်းမှတ်တမ်းစာအုပ် ကို တစ်နှစ်စာ သိမ်းဆည်းထားရန်အတွက် ကျောင်း Library ရှိ သီးသန့်ထားသော တစ်နေရာသို့ ပြန်ပို့ပေးရသည်။

မနက်ပိုင်း အစောဆုံး မှတ်တမ်းတင်သူက Library ကနေ ထိုစာအုပ်ကို ထုတ်ယူလာရပြီး နောက်ကျဆုံး ရေးထိုးမှတ်တမ်းတင်သူ က Library သို့ ပြန်ပို့ပေးရခြင်းဖြစ်သည်။

Library တွင်တော့ သူ့အတွက် သီးသန့်ထားသည့် နေရာ တစ်ခုရှိသည်။ စာအုပ်ကုန်သွားပါက နောက်ထပ်အသစ် ပြုလုပ်ရ သည်။ စာအုပ်အဟောင်းများကိုတော့ သေချာသိမ်းဆည်းထားသည်။

အကယ်၍ သင့်ကို ဘယ်သူတွေက မုန်းနေသလဲ (ဒါမှ မဟုတ်) ဘယ်သူတွေက ဘာတွေကို မုန်းနေသလဲဆိုတာကို သိချင်ပါ က Hate Day မဟုတ်သည့်အချိန်များတွင် ထိုစာအုပ် အနက်ရောင် များကို စာကြည့်တိုက်ထဲတွင်သာ ငှားရမ်းဖတ်ရှုနိုင်သည်။ အိမ်သို့ ငှားခွင့်မပေးပါ။

ဒါက Hate Day နေ့ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သည်။





**(၂) Hate စာတမ်းပါသည့် အင်္ကျီ၊ ခွက်နှင့် အသုံးအဆောင်များ အသုံးပြုခြင်း**

Hate Day နေ့တွင် ကျောင်းသူ၊ ကျောင်းသားများက (ရည်းစားမရှိသူ၊ တစ်ယောက်ယောက်ကိုမုန်းတီးနေသူ၊ ကိစ္စတစ်ခုကို မုန်းနေသူ) မိမိတို့ ကိုယ်တိုင် ဒီဇိုင်းပြုလုပ်ထားသော Hate စာတန်း ပါသည့် အင်္ကျီများ ဝတ်ဆင်လာကြသည်။

Hate စာတန်းပါသည့် အသုံးအဆောင်များကို လူအများ မြင်သာအောင် အသုံးပြုကြသည်။

သူတို့ တစ်ယောက်ကို မုန်းနေတယ်။ ရည်းစားမရှိဘူးဆိုတဲ့ သင်္ကေတတွေပေါ့။

ထို အသုံးအဆောင်ပစ္စည်းတွေ သုံးသော သူအချင်းချင်း လည်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အားရပါးရ နှုတ်ဆက် ကြသည်။

ထိုနေ့တွင် Hate အင်္ကျီမဝတ်ထားသူသည် (သို့) အသုံး အဆောင်ပစ္စည်းမသုံးသောသူသည် ရည်းစားရှိတဲ့သူ (သို့) မုန်းသူ မရှိသောသူဟု သတ်မှတ်ကြသည်။

ထိုနေ့သည် ရည်းစားရှိတဲ့လူတွေ မျက်နှာငယ်ရသော နေ့တစ်နေ့လည်း ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၃) မိမိကို မုန်းတယ်ဟု အဖြေပေးခဲ့သောသူအား 'မုန်းခြင်းခံရ အညီသူ' ဟု အစိပ္ပါယ်သက်ရောက်သည့် ပစ္စည်းများ လက်ဆောင်ပေးခြင်း

လက်ဆောင်ပစ္စည်းကတော့ သူတို့ခံစားချက်နဲ့ကိုက်ညီတဲ့ လက်ဆောင်ပစ္စည်းတွေပေးတာက များသည်။ တစ်ချို့ကတော့ သူတို့ ကိုယ်တိုင်ဆိုပြီး အသံသွင်းထားသည့် သီချင်းလေးတွေပေးသည်။ အမျိုးမျိုးပါပဲ။


ထူးခြားတာတစ်ခုကတော့ အဲဒီနေ့မှာ လက်ဆောင်သွားပေးပါက မည်သူမဆို လာပေးသောသူကို မုန်းသည်ဖြစ်စေ သူလာပေး သော လက်ဆောင်ကိုတော့ ကြည်ကြည်ဖြူဖြူ လက်ခံပေးကြရခြင်း ဖြစ်သည်။

ပေးသောသူကလည်း အခြားစကားများ မပြောပဲ ပစ္စည်း တစ်ခုတည်းကိုသာ ယဉ်ယဉ်ကျေးကျေးပေးရမည်ဖြစ်သည်။

ဒါကို ထိုနေ့အတွက် တစ်ညီတစ်ညွတ်ထဲ လိုက်နာကြသည့် စည်းကမ်းဖြစ်သည်။

ဖောက်ဖျက်ပါက တစ်ကျောင်းလုံး၏ အပြစ်တင်ခြင်းကို ခံရ သည့် သူတစ်ဦးဖြစ်လာလေ့ရှိသည်။

ဒါပေမယ့် ဖောက်ဖျက်တဲ့ လူမရှိသလောက် ရှားပါသည်။ အပျော်သက်သက် လက်ခံယူလိုက်တာသာ များသည်။





## (၄) Sticker ကပ်ခြင်း

ထိုနေ့တွင် ကင်တင်းတိုင်းရှေ့တွင် Board ကြီးများ ထောင် ထားလေ့ရှိသည်။

ကျောင်းဖယ်ရီများ မလာခင်အချိန်ထိ ထို Board များပေါ် တွင် ဘာမှမရှိပဲ ဟာလာဟင်းလင်းသာ ဖြစ်နေသည်။

အချိန်ကြာလာသည်နှင့်အမျှ ထို Board များပေါ်တွင် မုန်းသူများ လာကပ်ထားသည့် Sticker များကို တွေ့နိုင်သည်။

ထို Sticker များကိုလည်း နီးစပ်ရာ ကင်တင်းတွင် ရောင်းချပေးလေ့ရှိသည်။

ဥပမာ - Sticker မှာ -

***I hate ___________.***

ဟုသာ ပါရှိသည့် Sticker ဖြစ်သည်။ ဒီဇိုင်းအမျိုးမျိုးရေးထားသည့် Sticker ပေါင်းစုံရှိသည်။

ထိုအခါ မိမိက 'ခင်မြကြီး' ကို မုန်းတဲ့သူဖြစ်ပါက Sticker ရှိ ကွက်လပ်တွင် Khin Mya Gyi ဟု ရေးလိုက်ရသည်။

***I hate Khin Mya Gyi.***

ဖြစ်သွားသည်။ ထို Sticker ကို နီးစပ်ရာကင်တင်းရှိ Board တွင် ကပ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးထက်ပိုမုန်းသူရှိပါက Sticker များပေါ်တွင် ထပ်နေတာ ကပ်လို့ရသည်။

တစ်နေ့လုံး ထို Board နားတွင် လူစည်လေ့ရှိသည်။ **အချို့က** Sticker ကပ်နေခြင်းဖြစ်ပြီး အချို့ကတော့ အမုန်းခံရသည့်နေရာတွင် မိမိနာမည်များ ပါသလားဟု လာကြည့်ကြခြင်းဖြစ်သည်။

ပျော်စရာတစ်မျိုးပင်ဖြစ်သည်။ သို့သော် ထို Sticker ပေါ်တွင်တော့ ဘယ်သူက မုန်းသည်ဟု ထည့်မရေးရပါ။

ထိုအခါ မုန်းခံရသူက ဘယ်သူကများ ငါ့ကို မုန်းနေပါလိမ့်ဟု တွေးရင်း စဉ်းစားစေသည့် စိတ်ဖိစီးမှုကို ရစေလိုသည့် ဆန္ဒဟု သိရပါသည်။


ထို Board ရှိသည့်နေရာသည်လည်း ထိုနေ့အတွက် ပျော်စရာကောင်းသော နေ့တစ်နေ့ဖြစ်သည်။

"ဟ. . . ငါ့ကို မုန်းတာလေးယောက်ပါလား"

"အံမယ်. . တော်သေးတာပေါ့၊ ငါ့နာမည်တစ်ခုမှ မပါလို့"

"ဟဲ့. . . ငါတို့ရဲ့ Paper (1) ဆရာလည်း အမုန်းခံရတဲ့ အထဲမှာ ပါနေပါလား"

စသည်ဖြင့် ဆူညံနေကြတော့သည်။





**(၅) ထိုနေ့တွင် လက်တွဲသွားသော သမီးရည်းစားများအား နောက်ပြောင်နိုင်ခြင်း**

ထိုနေ့တွင် လက်တွဲသွားသော မည်သည့်စုံတွဲကိုမဆို နောက်ပြောင်နိုင်သည်။ သို့သော် မရိုင်းရပါ။ အနောက်ခံရသော စုံတွဲကလည်း ထိုသို့ပြုမူခြင်းအတွက် စိတ်မဆိုးရပါ။

ထို့ကြောင့် ထိုနေ့သည် သမီးရည်းစားစုံတွဲများ ခပ်လျှိုလျှိုနေရသော နေ့တစ်နေ့လည်း ဖြစ်သည်။


■

**(၆) ချိန်းတွေ့နေသည့် သမီးရည်းစားတွေ့ပါက နောက်ယုက်မှုပြုလုပ်နိုင်ခြင်း**

အထက်ပါအတိုင်းပဲ နှောက်ယှက်၊ စနောက်နိုင်သည်။ ခရိုင်းရပါ။ ယဉ်ကျေးစွာ ပြုမူနှောက်ယှက်နိုင်သည်။

ထို့ကြောင့် သမီးရည်းစားတော်တော်များများက ထိုနေ့တွင် ချိန်းတွေ့ခြင်း၊ လက်တွဲခြင်း၊ တွတ်တီးတွတ်တာ ပြုလုပ်ခြင်းများ မပြုကြပါ။

အားလုံးက ထိုနေ့ကို **သမီးရည်းစားပိတ်ရက်** ဟုပင် နောက်ပြောင်ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇) **အမုန်းသီချင်းများအား အော်ဟစ်သီဆိုနိုင်ခြင်း**
ညည်သည့်အမုန်းသီချင်းကိုမဆို အော်ဟစ်သီဆိုနိုင်သည်။

■

(၈) **ထိုနေ့တွင် အမုန်းဆုံးသော ဘာသာရပ်အတန်းကို မတက်ဘဲနေကြခြင်း**

ထိုဘာသာရပ်ကို မုန်းတဲ့သူများစုပြီး မတက်ကြခြင်းဖြစ်သည်။ နောက်နေ့ရောက်မှသာ စာပြန်ကူးကြရ၏။

■

(၉) **ကင်တင်းများတွင်လည်း ကိုယ်မုန်းသောသူ မကြိုက်သည့်အစားအစာများကို မြိန်ရည်ယှက်ရည် စားသောက်ကြခြင်း**

■



(၁၀) **ယင်းနေ့မတိုင်ခင် ရည်းစားစကားပြောထားသူများက ထိုနေ့တွင် အဖြေရရှိပါက 'မုန်းတယ်' ဟုသာ ရရှိခြင်းနှင့် ထိုနေ့တွင် လမ်းခွဲ ချင်တဲ့ စုံတွဲများရှိပါက လမ်းခွဲမှုပြုလုပ်ကြခြင်း**

ထိုနေ့တွင် လမ်းခွဲပါက ကြည်ကြည်ဖြူဖြူ ဖြစ်ကြသည်သာများသည်။

■

မှတ်ချက် ။ ။ ထိုနေ့တွင် အထူးရှောင်ကြဉ်ရသည်မှာ ကိုယ်မုန်းသောသူကိုထိပ်တိုက်ပြဿနာမရှာရခြင်းပင် ဖြစ်သည်။ ထိုပြင် ရန်လည်း မဖြစ်ကြရပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် Valentine's Day နေ့ကို
မုန်းတဲ့လူတစ်ယောက်က
စလုပ်ခြင်းဖြစ်ပုံရသည် . . .
နောက်ပိုင်း အင်တာနက်တွင်
Hate Day ကို ရှာကြည့်ရာတွင် မတွေ့သော်လည်း
တစ်နေရာမှာတော့ တွေ့ရသည်။
သို့သော်
တစ်ဖက်ပါ Hate Day ကို
နှစ်စဉ်ကျင်းပသော်လည်း
နောက်ပိုင်းတွင် ကျင်းပခြင်း၊ မကျင်းပခြင်းဆိုတာကိုတော့
မသိတော့ပါ . . .
ကျွန်တော်ကတော့ ထိုနေ့လေးကို သဘောကျပါသည်။
မိမိမုန်းသောသူကို 'မုန်းတယ်' ဟု မသိမသာ
ပြောနိုင်ခြင်းနှင့်
မိမိအား ဘယ်သူတွေများ မုန်းနေသလဲ၊
ဘယ်နှယောက်တောင် မုန်းနေသလဲ ဆိုတာကို
သိရှိနိုင်ခြင်းကြောင့်ပင် ဖြစ်သည်. . .
မိတ်ဆွေလည်း မိမိကို ဘယ်နှယောက်များ
မုန်းနေပါလိမ့် ဆိုပြီး သိချင်မှာပေါ့ . . .
ဟုတ်ဘူးလား . . . . .

## ရည်းစားငှားသည် .....



www.burmeseclassic.com

www.burmeseclassic.com

ရည်းစားမရှိလို့ စိတ်ညစ်နေပါသလား . . . ?

မညစ်ပါနဲ့ . . . ။

ရည်းစားထားတဲ့လုပ်ငန်းတွေ ပေါ်လာပါပြီ . . . ။

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားမရှိလို့ အပေါင်းအသင်းတွေကြားထဲမှာ
မျက်နှာငယ်ရတယ်။
'မင်းက ရည်းစားမှ မရှိပဲကွာ' စသည်ဖြင့်
ပြောခံရပေါင်းလဲများပြီ . . .။
ဒါဆို ရည်းစားလေးတစ်ယောက်တော့
ငှားဖို့လိုတာပေါ့ . . .။
ဟုတ်ပြီ . . .
နေဦး ဆရာ . . . နေဦး . . .
ရည်းစားငှားတယ်ဆိုလို့ . . .
ဆရာထင်သလို
အပြင်မှာချိန်းတွေ့ပြီး ဖက်ပစ်လိုက်မယ်ဟဲ့လို့တော့
ဘယ်ရမလဲ . . .
ရည်းစားငှားတယ်ဆိုတာ အွန်လိုင်းပေါ်မှာပဲ
ရည်းစားလုပ်လို့ရတာဖြစ်ပြီး . . .
သူတို့ရဲ့ဝန်ဆောင်မှုကိုလိုက်ပြီး
ငွေကြေးယူကြတာပေါ့ . . .
'ဟာဗျာ' လို့တော့ စိတ်ထဲအားမလိုအားမရ
မဖြစ်သွားပါနဲ့ . . . .။
မိုက်တော့ မိုက်တယ်။
ဖတ်ကြည့်ပါဦး . . . . . .။



Website နာမည်သည် www.girlfriendhire.com ဖြစ်သည်။ ဆိုလိုတာက ရည်းစားငှားတဲ့ Website ပေါ့။ တစ်ချို့လူတွေက သိချင်သိနိုင်ပါသည်။

ဖတ်ဖူးမှတ်ဖူးတာက ထို Website ကို ကျောင်းသားလေးတစ်ယောက်က အပျော်တင်ရာကနေ ကျောင်းအတွင်းရှိကျောင်းသားတွေအပြင် အခြားလူတွေပါ စိတ်ဝင်စားသွားကြတယ်လို့ သိရပါသည်။

ထို Website တွင် သင်ကြိုက်နှစ်သက်ရာ ရည်းစားကို ငှားလို့ရပါသည်။ ရည်းစားအလိုရှိသလားဟု ဓာတ်ပုံနှင့်အတူ ကြော်ငြာထားသည့် ကြော်ငြာများကိုလည်း တွေ့ရပါမည်။

သူမတို့က ဘာလေးလုပ်ပေးမည်၊ ဘယ်လောက်တော့ ပေးရမည် ဟု တင်ထားခြင်းဖြစ်သည်။

ကောင်းတာတစ်ခုက Sex မရခြင်းနှင့် အပြင်မှာ ထိတွေ့ပွဲဖက်တဲ့အရာများကို ကန့်သတ်ထားခြင်းဖြစ်သည်။

ဥပမာ-ကောင်မလေးတစ်ယောက်ဆိုလျှင် -

**"သင့်ရဲ့ ချစ်သူအဖြစ် သင့်သူငယ်ချင်းတွေရှေ့ရောက်တိုင်း နှစ်စကားလှလှလေးတွေ Message ပို့ပေးပါမည်။ ငါးဒေါ်လာကျပါသည်။"**

စသည်ဖြင့် ရေးထားပြီး သူမလုပ်ပေးမည့် ဝန်ဆောင်မှုကို အသေးစိတ်ရေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




ပျော်စရာ၊ ကြည်နူးစရာလေးဖြစ်သည်။

မိတ်ဆွေတို့လေ့လာလို့ရအောင် ပုံနှင့်တကွ ဘာသာပြန်အဖြစ် ဖော်ပြပေးပါရစေ။

စိတ်ဝင်စားရင်တော့ သွားရောက် ငှားရမ်းနိုင်ပါသည်။ ဒီနိုင်ငံမှာတော့ မရှိသေးပါဘူး။







သင့်ရဲ့ နိုင်ငံခြားချစ်သူ ရည်းစားအဖြစ် ဟန်ဆောင်ပေးမည်ဟု ကြော်ငြာထားသည့် ပုံဖြစ်ပါသည်။

www.burmeseclassic.com


www.burmeseclassic.com






အကပုံလေးတွေ၊ နှုတ်ခမ်းစူနေတဲ့ပုံလေးတွေ၊ ပြုံးနေတဲ့ ပုံလေးတွေ၊ သီချင်းဆိုနေတဲ့ အမူအရာလေးတွေ စတဲ့ သင်ကြိုက်နှစ်သက်ရာ ကျွန်မရဲ့ဓာတ်ပုံလေးတွေကို ရှင့်တစ်ယောက်တည်းဆီသာ ပို့ပေးပါမည် ဟု ကြော်ငြာထားသည့် ပုံဖြစ်ပါသည်။







စိတ်ဖိစီးပြီး ရင်ဖွင့်ဖော်မရှိဘူးဖြစ်နေပါသလား၊ သတင်းကောင်းပဲဖြစ်ဖြစ်၊ အခြားဘာကိစ္စပဲဖြစ်ဖြစ် ပြောချင်နေသော်လည်း လက်ခံနားထောင်ပေးမည့်သူမရှိပဲ ဖြစ်နေပါသလား၊ ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် ကျွန်မက ရှင်ပြောသမျှကို စိတ်ရှည်စွာဖြင့် နားထောင်ပေးပါမည် ဟု ကြော်ငြာထားသည့် ပုံဖြစ်ပါသည်။

www.burmeseclassic.com


www.burmeseclassic.com






ကျွန်မက သင့်ရဲ့ Facebook ရည်းစားအဖြစ် လက်ခံပေးပါမည်၊ နေ့စဉ် စာတိုလေးတွေ၊ ရည်းစားအဖြစ် ဓာတ်ပုံလေးတွေ တင်ပေးပါမည် ဟု ကြော်ငြာထားသည့် ပုံဖြစ်ပါသည်။






သင်သည် ရည်းစားထားတဲ့အတွေ့အကြုံကို လိုချင်တဲ့သူ ဖြစ်ပေမယ့်လည်း၊ ရည်းစားတစ်ယောက်ထားဖို့ အချိန်မရှိတဲ့သူ ဖြစ်နေပါသလား၊ ဒါမှမဟုတ် အကြောင်းကိစ္စတစ်ခုခုကြောင့် ရည်းစားမရဘဲ ဖြစ်နေပါသလား၊ ကိစ္စမရှိပါဘူး၊ ကျွန်မက သင့်ကို ရည်းစားထားတဲ့ အတွေ့အကြုံမျိုးရအောင် ကူညီပေးပါမည်၊ ထိုအထဲတွင် သင့်သူငယ်ချင်းတွေ မနာလိုဖြစ်အောင် သူတို့ရှေ့မှာ ဖုန်းဆက်ခြင်း၊ စိတ်ကောက်ခြင်း၊ Message ပို့ပြီး တီတီတာတာများ ပြောဆိုခြင်း၊ ချုပ်ခြယ်ခြင်း၊ စသည် စသည်တို့ ပါဝင်ပါသည် ဟု ကြော်ငြာထားသည့် ပုံဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကဲ . . .

မိတ်ဆွေ . . .

ယခုပဲ အောက်ဒါမှာလိုက်ပါတော့ . . . . . ။

BURMESE CLASSIC .com

## ထောက်ခံစာ



www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒီကိစ္စကိုတော့ မျိုးသန့်က သယ်လာတာပါ။ အစက ရှင်းပြပါရစေ။ မျိုးသန့်က ဒုတိယနှစ်ကျောင်းသားတစ်ယောက်ပါ။ အရင် ရည်းစားတစ်ယောက် ရှိခဲ့ဖူးတယ်။ အခုတော့ စီးပွားရေး ဆက္ကသိုလ်က ကောင်မလေးတစ်ယောက်ကို ကြောင်နေတယ်လို့ ကြားရတယ်။

မနက်ဆိုရင် သူနဲ့မဆိုင်တဲ့ ဖယ်ရီကိုစီးပြီး စီးပွားရေး ဆက္ကသိုလ်ကို သွားတယ်။

နေ့လယ်လောက်ကျရင် ဝါးတီးဆွဲရာ ကင်တင်းကို ရောက် သာလေ့ရှိပြီး ဟိုဟာမှာ၊ ဒီဟာမှာနဲ့ ရှုးရှုးရှဲရှဲစားပြီး သူကြိုက်နေတဲ့ ကောင်မလေးအကြောင်း တော်ကီခွေပါတော့တယ်။

ခံနိုင်တဲ့ကောင်တွေကတော့ မျိုးသန့်များ ထမင်းဖိုး ရှင်း လေးဆိုပြီး သည်းခံနားထောင်ရှာပါတယ်။

မခံနိုင်တဲ့သူတွေကတော့ သူစားထားကို ကွက်ပြီးရှင်းကာ အဝေးတစ်နေရာကို လစ်ပါတော့တယ်။ မျိုးသန့်ကလည်း မျိုးသန့်ပဲ။ ဘယ့်နှယ့်. . .။ စကားပြောရင် ရိုးရိုးမပြောဘူး။ ကဗျာတွေ ထည့်ထည့်ရွတ်တာကိုက အားလုံးကို စိတ်ကုန်စေရော။

"မင်းကွာ. . . ဒီနေ့ ငါ့ကောင်မလေးက အဝါရောင်လေး နဲ့ကွ၊ ပန်းခံသာ ဝါဝါကျော့. . . မူးလောက်စေတာလိုမျိုးပေါ့ကွာ"

အဓိပ္ပာယ်ရှိလား မရှိလားမသိ ရွတ်ပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သင်းနံ့ဆိုရင် မွှေးလိုက်တာ လွန်ရောဟေ့. . . ရှန့်သက်သက် ခဝါချရင်ဖြင့် မြူးလောက်စေတာပဲဟေ့"

တစ်ခါတစ်ခါဆို ကဗျာရွတ်တာထက် ပိုဆိုးတာရှိသေးတယ်။ ပထမတော့ စကား အကောင်းပြောနေတယ်။

"အံမယ်. . . သူ့သူငယ်ချင်းတွေက ငါ့ကိုတွေ့တော့ ကျလိကျလိနဲ့ သူတို့အချင်းချင်း တွတ်ထိုးနေကြရော. . . ဒါကိုက ငါ့အတွက် ကောင်းတဲ့လက္ခဏာပဲကွ. . . သီချင်းတောင် ဆိုလိုက်ချင်သေး"

ဆိုပြီး ဘာမပြော၊ ညာမပြောနဲ့ သီချင်းအကျယ်ကြီး ထဆိုပါလေရော-

"မောင့်မေတ္တာပန်းကိုဖြင့် လှမ်းဆွတ်လို့ ယူစေမယ်ဆို. . . လာခဲ့မယ်. . လာခဲ့မယ်. . ဖျိုမဒီလေးရဲ့ မောင်ကြီးပါကွယ်"

အသံကလည်း တိုးတိုးမဟုတ်ဘူး၊ အော်ကြီးဟစ်ကြယ်နဲ့ဆိုတော့ ဝိုင်းကရှိတဲ့ လူတွေက နည်းနည်းတော့ ရှက်တာပေါ့။ ဟော့ကောင်တိုးတိုးဆိုပါ ပြောပြန်ရင်လည်း 'ပေါက်ကွဲပါတယ်ဆိုမှ 'ဘု' လို့ မြည်မှ ကောင်းမှာပေါ့တဲ့' ဆိုပြီး ဘာမှ မဆိုင်တဲ့စကားနဲ့ ပြန်ပြောလေ့ ရှိတယ်။

နောက်ပိုင်းတော့ သူဘာလုပ်လုပ် လွှတ်ထားကြတယ်။ လူကတော့ ရိုးပါတယ်။ နယ်ကတက္ကသိုလ်မှာ မရှိတဲ့မေဂျာကို လာတက်ရတာဆိုတော့ ဒီမှာ အဆောင်နေပြီး ကျောင်းတက်ရတယ်။

ရည်းစားဆိုရင်လည်း ဘယ်တုန်းကတည်းက ထားချင်နေမှန်းမသိ၊ ဟိုတစ်ယောက်ဆိုလည်း ကြိုက်ချင်၊ ဒီတစ်ယောက်ဆိုလည်း ကြိုက်ချင်နဲ့။

ဒါတောင် ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်လိုက်သေးတယ်။ အဲ့ဒီတစ်ယောက်လည်း သူ့ကဗျာ၊ သူ့သီချင်းတွေကို မကြားချင်လို့နဲ့ တူတယ်၊ သိပ်မကြာပါဘူး။ ပြေးပါလေရော။

အခုလည်း စီးပွားရေးတက္ကသိုလ်က တစ်ယောက်တဲ့၊



ဘယ်လို ဖြစ်ဦးမလဲ မသိဘူး။

တစ်နေ့တော့ ကင်တင်းကို အလောတကြီးနဲ့ ရောက်လာပါလေရော။ ဒီတစ်ခါ အရင်လို စားစရာတွေ မမှာဘဲ အရေးကြီးဘယ်ကွ ဆိုပြီး စကားအရင်စပါလေရော။

■

www.burmeseclassic.com

www.burmeseclassic.com

(၂)

"အရေးကြီးတယ်. . . ဒီတစ်ခါ အရေးကြီးနေပြီ"

"ဘာတွေများလဲ"

မေးသာမေးလိုက်ရတာ။ သူ့အကြောင်း စိတ်ဝင်စားလှ ရယ်တော့ မဟုတ်ပါဘူး။

အရင်တုန်းကဆို "ဘာလဲ. . . ဘာလဲ"ဆိုပြီး တအံ့တသြ မေးမိမှာပဲ။ အခုတော့ သူ့အကြောင်းကို သိနေတော့ ပုံမှန်သာ မေးမိတယ်။

"ငါ့ကောင်မလေးကို ဒီနေ့အဖြေတောင်းလိုက်တယ်ကွ"

"အဲ့ဒါ ဘာအရေးကြီးလို့လဲ. . . မင်းက နေ့တိုင်းအဖြေ တောင်းနေတာပဲဥစ္စာ"

"ဟာ. . . မဟုတ်ဘူး၊ ဒီနေ့တောင်းတာ အရေးကြီးတယ်"

"ပြော. . . ဆိုစမ်းပါဦး"

"အဟမ်း"

လည်ချောင်းရှင်းပြီး ဟိုကြည့်ဒီကြည့် လုပ်တယ်။ ဒါတို့ မာတ်သိ သူတစ်ယောက်က သူသောက်လက်စ အအေးကို ထိုးပေး လိုက်တယ်။

သူက စကားပြောရင် ဒီလိုပဲ လုပ်နေကြဆိုတော့ ကြိုတဲ့သူတာ ဘာရယ်မဟုတ် လုပ်ပေးလိုက်တာပါ။



အအေးကို တစ်ငုံသောက်ပြီး-

"ဒီတခါ ငါက အဖြေတောင်းလိုက်တော့. . . ဘာပြော တယ် ထင်လဲ ဟေ့ကောင်တွေ"

"ဘာပြောလို့လဲ"

"သူက စီးပွားရေးကျောင်းသူတဲ့"

"ဘာ. . . အဲ့ဒါ သူပြောမှလား"

"မဟုတ်ဘူးလေ၊ စကားကိုလည်း ဆုံးအောင်နားထောင်ကြ ပါဦး"

"ဒါဆို မြန်မြန်ပြောကွာ. . . ငါတို့ ထပြန်တော့မှာ"

"နေ. . နေပါဦးကွာ. . . ဒီလိုလုပ်. . . မင်းတို့စားထားတာ ငါရှင်းမယ်ကွာ"

ဒါဆိုရင်တော့ မျိုးသန့်ကိစ္စက တော်တော်လေး အရေးကြီး နေပြီဖြစ်ကြောင်း အားလုံးရိပ်မိလိုက်တယ်။

"အေး. . . ပြီးရော"

"အအေးတစ်လုံးဟေ့"

အအေးမသောက်ရသေးတဲ့တစ်ယောက်က အအေးထပ်မှာ တယ်။

"သူဆိုလိုတာကကွာ သူက စီးပွားရေးကျောင်းသူဆိုတော့ ငါ့ကို သူ့ရဲ့ချစ်သူအဖြစ် အလုပ်ခန့်ဖို့အတွက် ငါ့အကြောင်း ကို သိမှ ရမယ်တဲ့"

"ဒါဆိုမင်းက သူ့ဆီမှာ သူ့ချစ်သူအဖြစ် အလုပ်လျှောက် တာပေါ့"

"အေး သူက စီးပွားရေးကဆိုတော့ အဲ့ဒီလိုပဲ ယူဆတယ်တဲ့"

"ဒီတော့. . ."

"ဒီတော့ ငါ့ကို အလုပ်ခန့်ဖို့အတွက် ထောက်ခံစာ လိုတယ် တဲ့"

"ဘယ်လို. . . ရပ်ကွက်ထောက်ခံစာတွေလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . အဲ့ဒီလိုမဟုတ်ဘူး"

"ဒါဆို. . . ဘာလဲ"

"ငါကကွာ သူ့ကို မလိမ်ချင်တော့ အရင်တုန်းက ရည်းစား တစ်ယောက် ထားဖူးတယ်လို့တော့ ပြောထားတယ်"

"အင်း"

"ဒီတော့ ကုမ္ပဏီတစ်ခုကနေ အခြားကုမ္ပဏီတစ်ခုပြောင်းရွှေ့ ကုမ္ပဏီအသစ်က ကုမ္ပဏီအဟောင်းက လူကြီးရဲ့ ထောက်ခံစာကို တောင်းတယ်မှတ်လား. . . ဘာတဲ့. . . ဒီကောင်လေးက တော်ပါတယ်၊ အလုပ်ကြိုးစားပါတယ် ဆိုတာလေ"

"အေး. . . သိတယ်"

"အခုလည်း အဲ့ဒီလိုပဲတဲ့၊ ငါ့ကို အရင်ရည်းစားက ထောက်ခံ ရေးသားထားတဲ့ ထောက်ခံစာလိုချင်တယ်တဲ့"

"ဗုဒ္ဓေါ"

"အာ. . ."

"ဟား. . . ဟား. . . ဟား. . ."

ဝိုင်းထဲမှာ အသံပေါင်းစုံထွက်သွားကြတယ်။ နောက်ဆုံးမှာ မထိန်းနိုင်ကြတော့ပဲ မျိုးသန့်အဖြစ်ကို ရယ်လိုက်ကြတာမှ မျိုးသန့် ခမျာမှာ ခေါင်းတောင်မဖော်နိုင်တော့ဘူး။

ကြာလာတော့ မျိုးသန့်ကို အားနာတာနဲ့ အရယ်ရပ်လိုက် ကြပြီး-

"သူက မင်းကိုမြင်တာနဲ့ ဝေးဝေးကတောင် ရှောင်ပြေးနေ တာ. . . အခုလို ရေးခိုင်းဖို့ဆိုတာ ဝေလာဝေးပေါ့ ပြီးတော့ သူက အခုရည်းစားလည်း ရနေပြီ အရင်ရည်းစားဟောင်းရဲ့ ကောင်းတဲ့ အကွက်တွေကို ထောက်ခံချက်ရေးပေးဖို့ဆိုတာ ဘယ်လိုဖြစ်နိုင် မှာလဲ"

အဲ့ဒီလို ရှင်းပြပြန်တော့လည်း သူက ခေါင်းတဆတ်ဆတ် ငြိမ့်ပြပြီး-



"ငါလည်း တွေးမိပါတယ်ကွာ၊ ဒါပေမယ့် ငါ့ကောင်မလေးက အဲ့ဒါမှမရရင် အဖြေမပေးဖူးချည်း လုပ်နေတယ်"

"မင်းကောင်မလေးကို သူသိတာမှတ်လို့. . . အခြား သူငယ်ချင်း ကောင်မလေးကို ရေးခိုင်းပေါ့"

တစ်ယောက်က အကြံဝင်ပေးတယ်။ အားလုံးကလည်း ီအကြံကို ထောက်ခံကြတယ်။

ဒါပေမယ့် မထောက်ခံတာက မျိုးသန့်ပါ။ သူက သူသိပ်ချစ် ဲ့ ကောင်မလေးကို မလိမ်ချင်ဘူးတဲ့။ ရိုးသားစွာနဲ့ သူ့အချစ်ကို ရယူ ်င်တယ်ကွာဆိုပြီး ဖီးတက်ပြလိုက်တာနဲ့ အဲ့ဒီအဆိုက မတင်ရသေး င် ပယ်ဖျက်ခံလိုက်ရပါတယ်။

"ဒါဆို မင်းက သူ့ဆီက ထောက်ခံစာတောင်းမယ်ပေါ့"

"အေးပေါ့. . . ဒါပဲရှိတာပဲ"

သူက လေးလေးနက်နက်ကြီးဆိုတော့ အားလုံးက မဖျက် တော့ပဲနဲ့ 'ဖြစ်ပါ့မလား'ဟုသာ မေးကြတယ်။

"ဒီလိုပဲ ပြောကြည့်ရမှာပဲ"

ဆိုပြီး အစည်းအဝေး ပြီးသွားကြတယ်။

■

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုနဲ့ မျိုးသန့်ရဲ့ကိစ္စက အဲ့ဒီနေ့က ဝိုင်းနားထောင်ခဲ့ကြတဲ့ လူတွေရဲ့ ခေါင်းပေါ်ကို ရောက်ပါလေရော။

■

## (၃)

မျိုးသန့် ရည်းစားဟောင်းက ဘေဘီစိုးသန်းပါ။ သူ့အဖေက ဦးစိုးသန်းမို့ အနောက်က စိုးသန်းထည့်ပြီး သူစကားပြောရင် ဘေဘီကလေ ဘေဘီကလေ လို့ ထည့်ပြောတာကြောင့် 'ဘေဘီ စိုးသန်း' လို့ နာမည် ပြောင်းခေါ်ကြတာပါ။

ဘာသာပြန်ရင်တော့ 'စိုးသန်းရဲ့ကလေး'ပေါ့။ သူ့နာမည် အရင်းကတော့ ဥမ္မာမြင့်ပါ။ ဒါပေမယ့် ဘေဘီစိုးသန်းပဲ သိကြတယ်။

သူလည်း ကျောင်းမှာ ပြောစမှတ်တွင်ရတဲ့ မိန်းမတွေထဲမှာ ပါတဲ့ တစ်ယောက်ပေါ့။

ကြောင်တောင်ကန်းဆိုတာ သူကြည့်ပြီး ပေးထားသလား မှတ်ရတယ်။ ဘာကြောင့်ဆို သူလက်ဆော့၊ ခြေဆော့ အငြိမ်မနေ လုပ်လို့ ဦးကြည်မြင့် ကင်တင်းမှာ မွေးထားတဲ့ ကြောင်လေးတောင် မျက်လုံးတစ်ဖက် ကန်းသွားရတယ်။

အဲ့ဒီလောက်တောင် အငြိမ်မနေတဲ့သူပါ။ သူ့ကြည့်လိုက်ရင် ဟိုကြည့်ဒီကြည့် လှုပ်လှုပ် လှုပ်လှုပ်နဲ့။

ဒါပေမယ့် ရည်းစားနဲ့သွားနေရင်တော့ ငြိမ်လိုက်တာမှ ကျောင်းထဲက အမှတ်တရရုပ်ထုတောင်မှ 'အမလေး... သမီးရဲ့ နည်းနည်းတော့ လှုပ်ပါကွဲ့' လို့ အော်ရလောက်အောင်ကို ငြိမ်နေ တာပါ။

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ငါ မလိုက်ဘူး"

"အာ. . . ငါ့ကိုလည်း မကြည့်နဲ့. . . ဘောဘီစိုးသန်းနဲ့ ငါနဲ့က မတည့်ဘူး"

ချက်ချင်းကြီး မတည့်တဲ့သူနဲ့၊ ဗိုက်နာတဲ့သူနဲ့၊ "ကျွတ်. . . ကျွတ်" မူလိုက်တာဆိုပြီး စားပွဲပေါ် မှောက်သွားတဲ့သူနဲ့ စုံနေတာပဲ။

နောက်ဆုံးကျန်ခဲ့တာကတော့ ဝင်းမောင်ပါ။ ဒါတောင် ဝင်းမောင်က အင်တင်တင်လုပ်နေလို့ 'တစ်ပတ်စာ စရိတ်ငြိမ်း' လုပ်ပေးမယ်ကွာဆိုလိုက်မှ စိတ်ဝင်စားသလိုလို ဘာလိုလို ပြန်ပြတာပါ။

ဒီလိုနဲ့ မျိုးသန့်ရယ်၊ ဝင်းမောင်ရယ်ဟာ ဘောဘီစိုးသန်းဆီကို ထောက်ခံစာယူဖို့အတွက် ထွက်သွားပါလေရော။

တကယ်တော့ စဉ်းစားကြည့်ရင် ရယ်စရာပါ။ လုပ်ခိုင်းတဲ့ ကျောင်းသူကလည်း တကယ်ပဲ လိုချင်လို့လား။ ဒါမှမဟုတ် ပညာပဲ ပြချင်လို့လားတော့ မသိပါဘူး။

ဒါပေမယ့် မျိုးသန့်ကတော့ ထိုကိစ္စအတွက် တက်ကြွနေလေရဲ့။

"ဝင်းမောင်"

"အင်း"



ဝင်းမောင်က စိတ်မပါတဲ့ အသံကြီးနဲ့ ပြန်ထူးတယ်။

"ဟာကွာ. . . မင်းကလည်း တက်တက်ကြွကြွ လုပ်စမ်းပါ"

"အေးပါ. . . မင်းပြောချင်တာသာ ပြောပါ"

"ဘောဘီစိုးသန်း ဒီအချိန်ဆို အတန်းထဲမှာပဲ ရှိမယ်ထင်တယ်ကွ"

"အင်း. . . သွားကြည့်လေ"

"အေး. . . လာ. . . သွားမယ်"

မျိုးသန့်က ရှေ့ကနေ တက်တက်ကြွကြွ ထွက်သွားတယ်။ ဝင်းမောင်ကသာ လည်ကြီးလိမ်ပြီး နောက်ကနေ တကောက်ကောက် ပါလာတယ်။

ကံကောင်းချင်လို့လား၊ ကံဆိုးချင်လို့လား မသိဘူး။ အတန်းထဲမှာ ဘောဘီစိုးသန်းကို ရှာလို့မတွေ့ဘူး ဖြစ်နေတယ်။

"ကင်တင်းမှာ ရှိမယ်ထင်တယ်"

ဒါနဲ့ သူထိုင်နေကျ ကင်တင်းကို ထပ်သွားရတယ်။ မတွေ့ပါဘူး။ နှံနေတာပဲ။ နောက်ဆုံး Library၊ ကျောင်းသားရေးရာ၊ သူငယ်ချင်းတွေနဲ့ ထိုင်တတ်တဲ့နေရာ. . . ကုန်ကုန်ပြောရရင် သူမတို့ ဝင်နေကျ အိမ်သာနားမှာတောင် ယောင်ယောင်လည်လည်နဲ့ ရှာကြည့်သေးတယ်။

ဒါပေမယ့် ဘောဘီစိုးသန်းကို လုံးဝရှာလို့မတွေ့ဘူး။

"ဟော့ကောင်. . . သူက ရည်းစားရနေပြီမှတ်လား"

"အင်းလေ"

"ဟ. . . ဒီတော့ သူ့ရည်းစားနဲ့ ရှိနေမှာပေါ့ကွ"

ဝင်းမောင်စကားကို မျိုးသန့်က ချက်ချင်းပဲ သဘောတူလိုက်တယ်။

ဒါကြောင့် အတွဲတွေရှိရာ ဘွဲ့နှင်းသဘင်ဘက်အခြမ်းကို ထွက်လာခဲ့တယ်။

သိပ်မရှာလိုက်ရပါဘူး။ ဘောဘီစိုးသန်းတို့အတွဲကို သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်အောက်မှာ ထင်းထင်းကြီး မြင်နေရပါရော။

ထိုအခါ မျိုးသန့်က အတင်းသွားမယ်လုပ်နေလို့ မနည်းဆွဲထားရတယ်၊

"ဟော့ကောင် မင်း ဘာသွားလုပ်မှာလဲ"

"ဟ. . . ထောက်ခံစာ သွားယူမလို့လေ"

"မင်း. . . ဟိုမှာ မတွေ့ဘူးလား၊ သူ့ရည်းစားနဲ့ ထိုင်နေတာ"

"တွေ့သားပဲ၊ ဒါကြောင့် သွားတောင်းမလို့လေ"

"ဟာကွာ. . . ဘယ်ဖြစ်မလဲ. . . မင်းကို ဟိုကောင်က ထိုးလိုက်မှာပေါ့၊ ပြီးတော့ မင်းက ဘေဘီစိုးသန်းရဲ့ ရည်းစားဟောင်း၊ အခုလို သွားတောင်းရင် ဟိုကောင်က ဘယ်လိုထင်မလဲကွ"

ဝင်းမောင်စကားကြောင့် မျိုးသန့် ငြိမ်သွားတယ်။

"အဲ့ဒီတော့ ငါ ဘာလုပ်ရမလဲ"

"နောက်နေ့ သူကျောင်းလာရင် တောင်းပေါ့ကွ"

"မဖြစ်ဘူး. . . ငါက ငါ့ကောင်မလေးကို နောက်နေ့ မနက်စောစော သွားပေးရမှာ"

"ဒါဆိုလည်း ဘေဘီစိုးသန်းက သူ့သူငယ်ချင်းတွေနဲ့ ပြန်တဲ့ အခါ လိုက်တောင်းပေါ့"

"သူ့ရည်းစားက လိုက်ပို့တာဆိုရင် ဘယ်လိုလုပ်မလဲ"

အဲ့ဒီလိုနဲ့ နှစ်ယောက်သား ဆွေးနွေးနေလိုက်တာ နာရီဝက် နီးပါး ကြာသွားတယ်။

"ဒီလိုဆို. . . မင်းက ငါ့ကိုယ်စား သွားတောင်းပေးကွာ"

ထိုစကားကိုကြားတော့ ဝင်းမောင် တွန့်သွားတယ်။

"မဖြစ်ဘူး ထင်တယ်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ငါ့ကို လာနှောက်ယှက်တယ်လို့ပဲ ထင်မှာပေါ့ကွ၊ မင်းပါးစပ်က ပြောမှသာ သူက တကယ်ထင်မှာပေါ့"

"အေး. . . ဒါလည်း ဟုတ်သား"



နောက်ထပ် ဆယ့်ငါးမိနစ် ထပ်ကြာသွားပြန်ရော၊

နာရီကိုကြည့်လိုက်တော့ ကျောင်းကလည်း ဆင်းခါနီးနေပြီ။ ဒီတော့ အစည်းအဝေးဆုံးဖြတ်ချက်ကို မြန်မြန်ပဲ အကောင်အထည်ဖော်လိုက်ရတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ဟင်"

သူတို့နှစ်ဦးရှေ့မှာ လာရပ်သောလူရိပ်ကြောင့် ဘေဘီစိုးသန်းမှာ ရုတ်တရက် လန့်သွားတယ်။

မော့ကြည့်လိုက်တဲ့အခါမှာတော့ ပိုပြီးတော့တောင် တုန်လှုပ်သွားရတယ်။ မျိုးသန့်. . .။ အရင် ရည်းစားဟောင်း. . .။ ဘာ. . . ဘာလာလုပ်တာလဲ။။

သူ့ကိုကို အောင်ဗလကိုကြည့်လိုက်တော့ သူ့လိုပဲ မျိုးသန့်ကို ကြောင်တောင်တောင်နဲ့ ကြည့်နေတယ်။

နောက်မှ ဘေဘီစိုးသန်းရဲ့ ရည်းစားဟောင်းမှန်း သိသွားပြီး မျိုးသန့်ကိုတစ်လှည့်၊ ဘေဘီစိုးသန်းကိုတစ်လှည့် ကြည့်နေတယ်။

မဟုတ်ဘူး. . .။ မဟုတ်ဘူး. . .။ ကိုကိုဗလ အထင်မမှားပါနဲ့။ ဘေဘီမှာ ကြွေနွဲ့နေလို့မရတော့ဘဲ ဟိုလှုပ်ချင် ဒီလှုပ်ချင် ဖြစ်လာ တော့တယ်။

"ကိုအောင်ဗလ"

မျိုးသန့်ခေါ်သံကြောင့် နှစ်ယောက်သား အသိပြန်ဝင်လာပြီး-

"ဘာလဲကွ"

"ခင်ဗျားနဲ့ကျုပ် စာရင်းရှင်းစရာရှိတယ်"

မျိုးသန့်ရုပ်မှာ မစားရတဲ့အမဲ သဲနဲ့ပက်မယ့်ရုပ် ဖြစ်နေသောကြောင့် ဘေဘီမှာ စိုးရိမ်သွားတယ်။



"ရှင်. . . ရှင်. . . ဘေဘီကိုကို ကို ဘာလုပ်မလို့လဲ. . . ရှင်နဲ့ ကျွန်မ ဇာတ်လမ်းပြတ်ပြီပဲ"

"နင်နဲ့ငါ မရှင်းပါဘူး ဘေဘီ၊ ဒီအစ်ကိုကြီး အောင်ဗလနဲ့ ရှင်းရမှာ"

"အေး. . . မင်းက ဘာရှင်းချင်တာလဲကွ"

"မိန်းကလေးရှေ့မှာဆိုတော့ မကောင်းဘူးဗျာ၊ ဟိုဘက်မှာ သွားရှင်းရအောင်"

ဟင်. . . ကိုကိုကို သူတို့ ဘာလုပ်ကြမှာလဲ။ အော်လိုက်ရမလား။

"ကောင်းပြီလေ"

"အို. . . ကိုကို မလိုက်သွားပါနဲ့"

ဘေဘီက အောင်ဗလကို အတင်းဆွဲထားတယ်။

"နေစမ်းပါ ချစ်ဘေဘီရယ်၊ ဒီကောင်နဲ့ကိုယ် အရင်ရှင်းလိုက်ဦးမယ်၊ ဒီကောင် သက်သက်မဲ့ လာရန်စတာ"

"မလုပ်ပါနဲ့ ကိုကိုရယ်၊ ကျွန်မကြောင့် ထိခိုက်ဒဏ်ရာတွေ မရစေချင်ဘူး"

ဘေဘီ ဘယ်လိုပြောပြော အောင်ဗလက ဆတ်ခနဲ မတ်တပ် ရပ်လိုက်ပြီး "လာ. . . ဟေ့ကောင် မျိုးသန့်"ဆိုပြီး ထွက်သွားလေရော။

ဘေဘီခမျာမှာ လိုက်သွားရနိုးနိုး၊ ဆက်ထိုင်ရနိုးနိုး ဖြစ်နေတယ်။

မျိုးသန့်က သူ့ကို အချစ်စိတ် မကုန်သေးလို့များလား။ ငါ ဘယ်လိုလုပ်ရမလဲ. . . ငါ ဘယ်လိုလုပ်ရမလဲ။

ဘာပဲဖြစ်ဖြစ် ကိုကိုဗလကိုပဲ ချစ်တယ်။ ရုပ်ရှင်တွေထဲကလို "ဒီမယ် ဘေဘီ၊ မင်း မျိုးသန့်ကို ရွေးမလား၊ ဗလကို ရွေးမလား၊ ကိုယ်တို့နှစ်ယောက်က တစ်ဖက်စီမှာ ရပ်နေမယ်၊ မင်းကြိုက်တဲ့ ဘက်ကို လှမ်းလာခဲ့ပါတော့. . . ဘေဘီ"ဆိုရင် ဘယ်လိုလုပ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟို. . . ကိုကိုဗလဆီကိုပဲ အပြေးကလေး သွားမယ်။ ပြေးဖို့ ဘာနဲ့ကိုပါ သိုနေမယ်ရ စဉ်းစားထားလိုက်တယ်။

လှမ်းကြည့်တော့ ရည်းစားဟောင်းရော၊ ရည်းစားသစ်ကိုရော မတွေ့ရတော့ပါဘူး။

ဘယ်လို လုပ်ရမလဲ။ သူ့ကြောင့်ပဲ အနိုင်ရသူ ဘေဘီကို သူ့စတမ်းဆိုပြီး ခုနေကြပြီလား။ အို. . . ငါ့ကြောင့် ယောက်ျားသား နှစ်ဦး ရန်မဖြစ်စေချင်ဘူး။

ဘေဘီ. . . ဘေဘီ. . . မင်းသိပ်ဆိုးပါလားကွာ။ မင်းကြောင့် ယောက်ျားလေးတွေ တုတ်တပြက်၊ ဓားတပြက် ဖြစ်နေပြီကွာ။

ဘာပဲဖြစ်ဖြစ် နိုင်တဲ့လူကိုပဲ ပြန်ချစ်လိုက်ရင် ကောင်းမလား မသိဘူး။

ထိုအချိန်မှာပဲ ကိုကိုဗလရဲ့ မျက်နှာကြီး ဘွားကနဲ ပေါ်လာလေရော။

"အမလေး. . . ဟင်. . . ကိုကို. . . ကိုကို ဘာမှ မဖြစ်ဘူး နော်"

"ဘာမှမဖြစ်ပါဘူး ချစ်ဘေဘီရဲ့"

"ဒါ. . . ဒါဆို ကိုကို နိုင်သွားတာပေါ့နော်"

"ဟင်. . . ဘာကို နိုင်ရမှာလဲ"

"သိပါတယ်. . . ကိုကိုရယ်. . . ကိုကိုဟာ ဘေဘီအတွက် ဆိုရင် စွန့်လွှတ်အနစ်နာခံမယ်ဆိုတာ ဘေဘီသိတယ်"

ဆိုပြီး ရင်ခွင်ထဲ အတင်းတိုးဝှေ့ဝင်လိုက်တယ်။ ထိုစဉ်-

"ဘေဘီ"

"ရှင်"

"မျိုးသန့်အတွက် စာလေးတစ်စောင်လောက် ရေးပေးလိုက်ပါလား"

"ဟင်. . . ဘယ်လို"



တကယ်တော့ မျိုးသန့်က အောင်ဗလကို အပြင် ခေါ်ထုတ်သွားပြီး အောင်ဗလကို မြှောက်ပြောလိုက်၊ မိမိအကြောင်း လေးလည်းကြားညှပ်ပြောလိုက်နဲ့ လိုချင်တာကို တောင်းနေတာပါ။

ဘေဘီက ကိုကြီးအောင်ဗလကိုသာ ရူးရူးမူးမူးချစ်ကြောင်းကိုလည်း ထည့်ပြောရတယ်။ ကိုကြီးအောင်ဗလနဲ့ မိမိမှာ ရုပ်ရည်ချင်း ကွာခြားသောကြောင့် ဘေဘီက သူ့ကိုစွန့်ပစ်ပြီး ကိုကြီးအောင်ဗလကို တန်းတန်းစွဲသွားတာ မဆန်းကြောင်းလည်း ပါရတယ်။

မိမိလည်း ယခု ကောင်မလေးတစ်ယောက်နဲ့ တွေ့နေပါသောကြောင့် ဘေဘီကို စိတ်မဝင်စားတော့ကြောင်း၊ ဒါပေမယ့် အခုလို လာရောက်နှောက်ယှက်ရတာလည်း ဘေဘီဆီက ထောက်ခံစာလေး တစ်စောင်လောက် လိုချင်သောကြောင့် လာရတာဖြစ်ကြောင်း၊ ဒါပေမယ့် ဘေဘီဆီကတောင်းရင် အစ်ကိုကြီး ထင်ယောင်ထင်မှား ဖြစ်မှာစိုးတာကြောင့်တစ်ကြောင်း၊ ဒီ့အပြင် ဘေဘီရဲ့ ပိုင်ဆိုင်သူက အစ်ကိုကြီးသာ ဖြစ်နေသောကြောင့် အစ်ကိုကြီးဆီမှာ လာပြီး ခွင့်တောင်းရကြောင်း လျှာထွက်မတတ် ပြောပြရတယ်။

နောက်ဆုံး ဘေဘီဆီက စာလေးတစ်စောင် ရလာခဲ့ပါတယ်။ စာကတော့ ရိုးရိုးလေးပါပဲ။

**မျိုးသန့်ဟာ ရိုးသားတဲ့သူတစ်ယောက်ဖြစ်ကြောင်း ထောက်ခံအပ်ပါတယ်။**

**ဉမ္မာမြင့်**
**ဒုတိယနှစ်**
**ဓာတုဗေဒ**

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ မျိုးသန့်ရဲ့ ထောက်ခံစာသတင်းဟာ ခုက်ချင်းပျံ့နှံ့သွားပြီး ကျောင်းမှာ နာမည်ကြီးသွားလေတော့တယ်။ တချို့ကောင်မလေးတွေက မျိုးသန့်ကိစ္စကို စိတ်ဝင်စားသောကြောင့် သူတို့ကို လာကြောင်သူများတွင် ရည်းစားဟောင်းများရှိပါက ထောက်ခံစာ တောင်းခိုင်းပါတော့တယ်။

ဒါနဲ့ကျောင်းမှာ ထောက်ခံစာယူရတဲ့ ကိစ္စကြီးဟာ ချစ်သူ ရည်းစားလောကမှာ ပေါ်ပြူလာအဖြစ်ဆုံးကိစ္စ ဖြစ်လာပါတော့ တယ်။

ကောင်မလေးတွေကတော့ အကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် ယူရတဲ့ ကောင်လေးတွေကတော့ မျိုးသန့်ကို ကျိန်ဆဲကြ တာပေါ့။

ဒါပေမယ့် မျိုးသန့်ကတော့ အဲ့ဒီထောက်ခံစာနဲ့ပဲ ပန်းပန်နေ လေရဲ့။ မျိုးသန့်ကိုတောင် နောက်ပိုင်းတွင် ထောက်ခံစာလူကြီးလို့ ပြောင်းခေါ်ကြတယ်။

အဲဒီလိုနဲ့ တစ်ခါတုန်းက ကျောင်းမှာပေါ့ . . . . . ။

■

# တိုလီမိုလီများ




www.burmeseclassic.com


www.burmeseclassic.com




# သင်ကိုယ်တိုင်အမိပွါယ်ဖော်ရမယ့်အချစ်




ဒီလိုအချစ်မျိုးကို
ဘယ်လိုခေါ်မလဲ?




တစ်ခါတစ်ခါဆို
အဲဒီလိုအချစ်မျိုးလဲရှိတတ်ပါတယ်။



မဖြစ်နိုင်မှန်းသိလျက်နဲ့
ချစ်ကြတာလား?



ဒီလိုမျိုးအချစ်က
အဆုံးသတ်ဘာဖြစ်မလဲဆိုတာ
အားလုံး သိနေတာပဲ။



ဒီလိုအချစ်မျိုးရော
သင်ကြုံဖူးပါသလား?



နောက်ဆုံးတော့လည်း
ဒီလိုဘဲအဆုံးသတ်ရတာ
များပါတယ်. . .

www.burmeseclassic.com

www.burmeseclassic.com



## ဆိုင်းဘုတ်များက ပြောသောပုံပြင်

မှတ်ချက်။ ။ အချို့ဆိုင်းဘုတ်များကို ကွက်လပ် ချန်ထား ခဲ့ပါသည်။ ရိုးသည်ဟု ထင်မှာစိုးသောကြောင့် မိမိကြိုက်သလို ၄င်းဆိုင်းဘုတ်အားကြည့်၍ ဇာတ်လမ်းဆင်နိုင်ပါသည်။





ကမ်းခြေမှာ
လှည်းယာဉ်လေး
စီးနေတုန်း



လှဲလျောင်းနေတဲ့
အမျိုးသမီးလေး
တစ်ယောက်ကို
တွေ့ရတယ်



ချစ်ဖို့ကောင်းလို့
သူမနားမှာပဲ
တဝဲလည်လည်
သွားနေမိတယ်



နောက်ပိုင်း ကျွန်တော်
တို့လည်း အပူတပြင်း
ချစ်မိကြပါလေရော



သူနဲ့အတူတူ
ကမ်းခြေမှာ
ကစားရတာ
မဟောနိုင်မပမ်းနိုင်ပါပဲ




နောက်ဆုံး
သူ့ကို Taxi
ပေါ်တင်ပြီး...



?



?



?



သူနဲ့တွေ့ဖန်
များလာတော့...



ကျွန်တော်တို့ရဲ့
အချစ်က
မြန်လှည့်လို့
မရတော့ပါဘူး




?




?




ကိုးလအကြာမှာတော့
သူမကို
ဆေးရုံတင်လိုက်ရတယ်



အဲ့ဒီနောက်ပိုင်း
ကျွန်တော်
ကလေးအဖေ
ဖြစ်လာခဲ့တယ်



ကျွန်တော့်ကမ္ဘာလှည်း
အဲ့ဒီအချိန်ကစပြီး
ဇောက်ထိုးမှောက်
ပြီးတော့တာပါပဲဗျာ

www.burmeseclassic.com

www.burmeseclassic.com





# ရည်းစားထားတဲ့ဂိမ်း

## Level (1)

ကောင်မလေးနဲ့ စကားချိုချိုသာသာပြောပြီး ရင်းနှီးအောင် ပေါင်းရတဲ့အဆင့်ဖြစ်သည်။ သင်ကောင်းမွန်စွာ ပြောနိုင်ပြီး ကောင်မလေးရဲ့ ခင်မင်မှုကိုရရင် နောက်အဆင့်တက်ပြီဖြစ်သည်။

## Level (2)

တစ်ယောက်နဲ့တစ်ယောက် ခင်မင်မှုတွေပိုလာပြီး တစ်ပတ်မှာ (၇)ရက်၊ (၇)ရက်မှာ (၂၄)နာရီလုံးလုံး သင်နဲ့ပဲ စကားပြောချင်လာအောင် ကြိုးစားရမယ့်အဆင့်ပါ။ နည်းနည်းတော့ ခက်ပါတယ်။ ကြိုးစားက အောင်မြင်နိုင်မည်။

## Level (3)

လမ်းအတူတွဲလျှောက်ရတဲ့ အခွင့်အရေးတွေ ရလာတဲ့ Levelတစ်ခုပါ။ ကောင်မလေးနဲ့အတူကြည်နူးစရာနေရာလေးတွေမှာ အတူ တွဲလျှောက်ရင်း တီတီတာတာလေးတွေ ပြောရမှာပါ။



## Level (4)

ခင်မင်မှုတွေ ပိုလာပြီဆိုတော့ တစ်ယောက်ကိုတစ်ယောက် နောက်တာလေးတွေ၊ နာမည်ပြောင်ပေးတာလေးတွေ လုပ်ရမှာပါ။

ပျော်စရာကောင်းတဲ့ အဆင့်လေးတစ်ဆင့်ပါ။

## Level (5)

အရေးကြီးတဲ့ Level တစ်ခုပါ။ ဒီ Level မှာ သင်က ကောင်မလေးကို ချစ်တယ်ဟု ချစ်ရေးဆိုရမှာ ဖြစ်ပါသည်။ ခက်ခဲသော အဆင့်ပါ။ ဤအဆင့်မှာတင် သင်ပြုတ်သွားနိုင်သည်။

## Level (6)

Level-5 ကို ကျော်ဖြတ်ပြီး အောင်မြင်ပါက ညစဉ် ညတိုင်း ဖုန်းလေးတွေပြောပြီး တော်ကီလေးတွေ ပွားရမယ့် အဆင့်ပါ။

## Level (7)

ဒါကတော့ သက်တမ်းကြာလာတော့ လက်ကလေးကိုင်ပြီး ကြည်ကြည်နူးနူး လမ်းလျှောက်ရမယ့် အဆင့်ပါ။

## Level (8)

ထွေးပွေ့၊ နမ်းရှိုက်ရမယ့် အဆင့်ပါ။ စိတ်လှုပ်ရှားမှု၊ သာယာမှု၊ ကြည်နူးမှုများဖြင့် ရောထွေးနေသောအဆင့်ပါ။

## Level (9)

Game Over !!!

ဒီအဆင့်ကို ဘယ်သူမှ မအောင်မြင်သေးသောကြောင့် ဘယ်လို ကစားရတယ်ဆိုတာ ဘယ်ကစားသမားမှ ရှင်းရှင်းလင်းလင်း မသိရပါ။

www.burmeseclassic.com

www.burmeseclassic.com



**Level (10)**

........................ ........................ ........................

........................ ........................ ........................

**Level ....**

........................ ........................ ........................

........................ ........................ ........................

**Level ....**

........................ ........................ ........................

........................ ........................ ........................

**Level ....**

........................ ........................ ........................

........................ ........................ ........................

**Level ....**

........................ ........................ ........................

........................ ........................ ........................

မပြီးဆုံးနိုင်သော ဂိမ်းတစ်ခု ဖြစ်ပါသည်။
ထို့ကြောင့် ကစားတော့မည်ဆိုပါက
သေချာ စဉ်းစားရန် လိုအပ်ပါသည် . . . . . ။



**ရန်ဖြစ်ချင်ပါသလား?**
**အောက်ပါကိစ္စကိုသာ သင့်ချစ်သူနဲ့ ဆွေးနွေးပါ ...**

လူတွေကပြောကြတယ်။

**"အချစ်မရှိရင် သေသွားနိုင်တယ်"**

တဲ့ . . . ။
ယုံပါဘူး။

**"အောက်ဆီဂျင် မရှိမှသာ သေတာ"**

ဒီတော့ အချစ်ထက် အောက်ဆီဂျင်က အရေးကြီးတာပေါ့။
ကိုင်း. . . သင် ဘယ်ဘက်က နေမလဲ။


**အချစ်ဘက်ကလား?**

**အောက်ဆီဂျင်ဘက်ကလား?**

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံများကိုခံစားခြင်း



www.burmeseclassic.com

www.burmeseclassic.com






တကယ်တော့ ဒီလိုအချိန်မျိုးထိ
ရောက်လာဖို့ဆိုတာ မလွယ်ပါဘူး။
အခက်အခဲတွေ အများကြီးရှိတယ်။
နားလည်မှုတွေ အများကြီး ရှိရပါတယ်။
ဒီပုံထဲက အဖိုးကြီးနဲ့ အဖွားကြီးဟာ
(၁၉၆၂) ကတည်းက လက်ထပ်ထားတယ်လို့
ဆိုထားပါတယ်။
သင်ရော. . . သင့်ချစ်သူရော
ဒီလိုမျိုး အိုမင်းတဲ့အထိ
အတူတကွ မနေချင်ဘူးလား . . .

www.burmeseclassic.com

www.burmeseclassic.com





ငယ်ရွယ်စဉ်အချိန်အခါတုန်းကတော့
တစ်ဦးနဲ့တစ်ဦး
နှစ်နှစ်ကာကာ ချစ်ကြပါတယ်။
ခဏခွဲရရင်
ထာဝရခွဲရသလိုပင်
လွမ်းဆွတ်ခဲ့ရပါတယ်။
ဒါကတော့
တကယ်ချစ်တဲ့သူတွေပေါ့ . . .

www.burmeseclassic.com

www.burmeseclassic.com





ပြဿနာဆိုတာ
လူတိုင်းဖြစ်တတ်တဲ့ အရာပါ။
သမီး ရည်းစား ဘဝမှာပဲဖြစ်ဖြစ်၊
အိမ်ထောင်ကျသွားရင်ပဲဖြစ်ဖြစ်
မလွဲမသွေ ရင်ဆိုင်ရမယ့် အရာတစ်ခုပါ။
ဒါကတော့
အချစ်လျော့နေလို့
မကြြင်နာချင်လို့တော့ဆိုပြီး မယူဆဘဲ
ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စလို့မြင်မိရင်
ဘာမှ မဟုတ်တဲ့ အရာတစ်ခုပါ။
အဲ့ဒီလိုမှ မဟုတ်ဘဲ. . .

www.burmeseclassic.com

www.burmeseclassic.com





ပြဿနာဖြေရှင်းပုံ၊
ဖြေရှင်းနည်း လမ်းမကျခဲ့ရင်
ပထမပုံ အထိတောင်
ဘယ်စုံတွဲမှ မရောက်ပါဘူး။
တစ်ဖက်ပါပုံကတော့
ဖြေရှင်းတဲ့နည်းလမ်း
အမှန်မဟုတ်ဘူးလို့
ယူဆပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com





# အဓိကတော့ တစ်ဦးနဲ့တစ်ဦး သစ္စာရှိဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com





သစ္စာမရှိခဲ့ရင်တော့...
တစ်ချိန်ချိန်မှာ...
သင်လည်း
သူ့ကို
နေရင်နေရမှာပေါ့...

www.burmeseclassic.com

www.burmeseclassic.com






တကယ်တော့
ကျွန်တော်လည်း မိတ်ဆွေလိုပါပဲဗျာ...
နောက်ဆုံးအချိန်ထိ
ဒီလိုလေးပဲ
နေသွားချင်တာပေါ့...

www.burmeseclassic.com

www.burmeseclassic.com

# ရည်းစားကာလမှတ်တမ်း




www.burmeseclassic.com

www.burmeseclassic.com


# ကြားဖြတ်အမှာစာ

သမီးရည်းစားအဘိဓာန် (၂) ထွက်တုန်းက ကျွန်တော့်ဆီကို စာတွေရောက်ပါတယ်။ အဲ့ဒီထဲကမှ စာလေးသုံးစောင်က ထူးထူးခြားခြား အကြောင်းအရာ သွားတူနေပါတယ်။

အကြောင်းအရာလေးကိုပဲ ပြန်ပြောပါရစေ။ သူတို့ ရေးထားတာက- "ရည်းစားထားတာကတော့ ကြည်နူးရ၊ ပျော်ရွှင်ရ တာမှန်ပါတယ် ဆရာ။ ဒါပေမယ့် တစ်ခါတစ်ခါကျရင် ဆိုင်တစ် ဆိုင်မှာ ချိန်းတွေ့ကြတယ်။ စကားပြောတယ်။ သူ့လက်ကလေး ကိုင်တယ်။ ပြောစရာစကားမရှိရင် ဘာဆက်ပြောရမှန်းမသိ ငြိမ်နေ ရတယ်။

ကျွန်တော်တို့ သမီးရည်းစားဘဝမှာ အခြားပျော်ရွှင်စရာ ပုံစံနဲ့ ဖြတ်သန်းလို့ရတာ မရှိဘူးလားဆရာတဲ့။

တစ်ခါတစ်ခါ ချစ်သူနဲ့ အဲ့ဒီလိုကြီးထိုင်ပြီး ပြောနေရတာ ပျင်းလာလို့ပါတဲ့။ အဲ့ဒီလိုပြောလိုက်လို့ ကျွန်တော့်ချစ်သူကို ကျွန်တော်က[illegible]ကယ်မချစ်ဘူးလို့ ဆရာမထင်လိုက်ပါနဲ့တဲ့။ ကျွန်တော်[illegible] သူ့ကို ဘဝ[illegible]တွဲဖော်အဖြစ် ဆုံးဖြတ်ထားပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် မယူခင်ကာလလေးမှာ အမှတ်တရ ပျော်ရွှင်စရာ အဖြစ်အပျက်လေးတွေ၊ သာမာန်မဟုတ်တဲ့ စိတ်ကူးယဉ် လုပ်ဆောင်မှုတွေ၊ ထူးဆန်းတာလေးတွေစတဲ့ ပျော်ရွှင်စရာ အမှတ်တရလေးတွေ လုပ်ဆောင်ခဲ့ချင်ပါသေးတယ်တဲ့"

စာသုံးစောင်လုံးဟာ ရေးသားပုံစံခြင်းသာ ကွာခြားပြီး အကြောင်းအရာကတော့ အထက်ပါအဓိပ္ပာယ်အတိုင်းပါပဲ။

ကျွန်တော့်အထင်ပြောရရင် တစ်ခါတစ်ခါ အဲ့ဒီလိုမျိုး အဖြစ်အပျက်တွေ ဖြစ်လေ့ဖြစ်ထရှိပါတယ်။



ဒီတော့ အဲ့ဒီလို လူမျိုးတွေအတွက်ရော၊ ချစ်သူများနေ့မှာ ပေါက်တတ်ကရလုပ်ချင်တဲ့ သူတွေအတွက်ရော၊ ချစ်သူသက်တမ်းအတွင်းမှာ ဘာရယ်မဟုတ် လေးလေးနက်နက်ကြီးတွေ မဟုတ်ဘဲ အမှတ်တရကိစ္စလေးတွေ ပြုလုပ်ချင်တဲ့ ချစ်သူစုံတွဲတွေအတွက် တစ်ခုခု ထည့်သွင်းဖို့ စဉ်းစားခဲ့မိ ပါတယ်။

နောက်ဖော်ပြမယ့် အကြောင်းအရာတွေဟာ လေးနက်ပြီး ပျင်းရိစရာအဖြစ်မဟုတ်ဘဲ အမှတ်တရ ပျော်ပျော်ပါးပါး လိုက်လုပ်လို့ရအောင် ရေးသားထားတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ်။

ချစ်သူသက်တမ်းအတွင်းမှာ အမှတ်တရပြုလုပ်လို့ရတဲ့အရာတွေပါ။ အဲ့ဒီလိုလုပ်ပြီးလို့ မှတ်တမ်းတင်ထားလို့ရအောင်လည်း နမူနာအချို့ကို ဖော်ပြထားပါတယ်။

နောင်တစ်ချိန်မှာ ဘာရယ်မဟုတ် ပြန်ကြည့်မိတဲ့အခါကျရင် ချစ်သူနှစ်ဦး ပြုံးပျော်စေဖို့အတွက်ပါ။

သတိရစရာတွေလည်း ဖြစ်လာနိုင်ပါတယ်။ သေချာတာ တစ်ခုကတော့ ပျော်စရာကောင်းပြီး တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ပိုလာနိုင်တယ်လို့တော့ ကျွန်တော်က ထင်မိပါတယ်။

မိတ်ဆွေမှာ ချစ်သူရှိခဲ့မယ်ဆိုရင်လည်း အပျော်သဘော အနေနဲ့ လိုက်လုပ်ကြည့်ဖို့ တိုက်တွန်းပါရစေ။

ပျော်စရာကောင်းတဲ့ ချစ်သူဘဝ ရရှိပါစေလို့ ဆုတောင်းရင်း. . .

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ . . .

တစ်နေ့နေ့ တစ်ချိန်ချိန်
တို့နှစ်ယောက် လက်ထပ်ပြီး
အိုမင်းသွားတဲ့အခါမှာ
ချစ်သူ့ဘဝ
အမှတ်တရလေးတွေ ရှိစေဖို့
ရည်းစားကာလမှတ်တမ်းလေးအဖြစ်
ရည်ရွယ်တာပါ . . .

www.burmeseclassic.com

www.burmeseclassic.com



**နှောင်နှစ်ပေါင်းများစွာ ကြာသောအခါ**

ချစ်သူနှစ်ဦးလက်ထပ်ပြီးအိုမင်းသွားတဲ့တစ်နေ့မှာ အမှတ်တရအနေနဲ့ ပြန်ကြည့်ပါ။ ငယ်ရွယ်တုန်းက လှုပ်ရှားခဲ့တာလေးတွေ ပြန်သတိရစေမှာပါ။

**အသုံးပြုပုံ**

ဖော်ပြထားသော အကြောင်းအရာ (၃၁) ခုကို သင်တို့ ချစ်သူနှစ်ဦး လက်မထပ်ခင် ပြုလုပ်ဖို့ပဲ ဖြစ်ပါတယ်။ တစ်ပြိုင်နက် တည်းပြုလုပ်ဖို့ မဆိုလိုပေမယ့် အားတဲ့အချိန်၊ ဖျင်းတဲ့အချိန်တွေမှာ ပြုလုပ်လို့ ရပါတယ်။

အကြောင်းအရာတစ်ခု ပြုလုပ်ပြီးတိုင်း ပြုလုပ်ရန်စာရင်းမှာ အမှန်ခြစ်ကလေးခြစ်ပြီး ပြုလုပ်ပြီးကြောင်း ပုံစံလေးတွေ ဖြည့်ပေး ယံ့ပါပဲ။

အစဉ်လိုက်လုပ်ဖို့ မလိုပါဘူး။ မိမိစိတ်ဝင်စားရာ အကြောင်းအရာကို ဦးဆုံးပြုလုပ်နိုင်ပါတယ်။



**ပြုလုပ်ပြီးပါက ဖြည့်စွက်ရမည့်ပုံစံ**

ကိစ္စတစ်ခုပြီးမြောက်တိုင်းတွင် ပြုလုပ်ပြီး ဖြည့်စွက်ပုံစံတွင် ဖြည့်စွက်သည့်အခါ သင်တို့ချစ်သူနှစ်ဦး ရိုးသားဖို့တော့ လိုပါမည်။

မည်သို့ဆိုသော် မိမိတကယ်လုပ်ခဲ့သည့် အချက်အလက်များကိုသာ ဖြည့်မေးရခြင်းဖြစ်သည်။ ပိုဖြည့်ခြင်း၊ လိုဖြည့်ခြင်း မပြုရပါ။ မပြုလုပ်ပဲနဲ့ ဖြည့်ခြင်းများ မပြုလုပ်ရပါ။ အကယ်၍ ဖြည့်စွက်ပုံစံက သေးနေပါက သီးသန့် စာအုပ်တစ်အုပ်တွင် ပုံစံတူ ရေးနိုင်ပါသည်။ ဤစာအုပ်တွင် စာမျက်နှာအခက်အခဲကြောင့် နမူနာ ဖြည့်ရန်ပုံစံများအား (၁၂) ခုခန့် ဖော်ပြထားပြီး ကျန်ခေါင်းစဉ် များအား အကြမ်းဖျင်း ဖော်ပြထားပါသည်။ သင့်စိတ်ကြိုက်ပုံစံ ရေးဆွဲနိုင်ပါသည်။

**ကြိုတင်သတိပေးချက်**

(၁) သင်တို့ချစ်သူနှစ်ဦး လက်မထပ်ခင်သာ ပြီးမြောက်အောင် ပြုလုပ်ရန်။

(၂) နှစ်ဦးသား တွေ့ဆုံခဲ့သည့်အခါတိုင်း (အဆင်ပြေပါက) ယူဆောင်အသုံးပြုရန်။

(၃) အချို့ပြုလုပ်ရမည့် အကြောင်းအရာများသည် သတ္တိမရှိဘဲနဲ့ ပြီးမြောက်နိုင်မည် မဟုတ်ပါ။

(၄) အချို့ကိစ္စတွေကတော့ တွေးတောဖန်တီးနိုင်မှသာ ပြီးမြောက်နိုင်မည်။

(၅) ကိစ္စတစ်ခုပြီးမြောက်ပါက ပြုလုပ်ပြီးပုံစံတွင် အချက်အလက် အချို့အား မမေ့ခင် ချက်ချင်းရေးမှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



(၆) အကယ်၍ ဖော်ပြပါ အကြောင်းအရာများအား ပထမအကြိမ်တွင် မအောင်မြင်ပါက စိတ်မာတ် မကျဘဲ နောက်တစ်ကြိမ် ကြိုးစားပါ။

(၇) အထူးသဖြင့် တစ်ကိုယ်ကောင်း မဆန်ပါနှင့်။ ကိုယ်က အောင်မြင်ပြီး ကိုယ့်ချစ်သူက မအောင်မြင် သေးပါက မရှုံ့ချပါနှင့်။ သူနှင့်အတူ ပူးပေါင်းပြီး အောင်မြင်အောင် ပြုလုပ် ကြည့်ပါ။ သင်တို့နှစ်ဦး ရလာဒ်တစ်ခု ရလာလိမ့်မည်ဟု ယုံကြည်ပါသည်။

(၈) နှစ်ဦးစလုံး အောင်မြင်မှသာ ပြုလုပ်ပြီးပုံစံကို ဖြည့်စွက်နိုင်သလို၊ တစ်ဦးအောင်မြင်ပါကလည်း အောင်မြင်သည့် အရာကို သီးခြား မှတ်တမ်းတင် နိုင်ပါသည်။

ကဲ… စလိုက်ကြရအောင်…

(၉) ဒီစာအုပ်ကို မိဘတွေမသိအောင်ထားဖို့တော့ လိုပါမည်။

(၁၀) သတိထားပြီး လုပ်ဆောင်ပါ။


(၁၁) ထပ်မံသတိပေးပါရစေ။ ပြုလုပ်ရမည့် အကြောင်း အရာများသည် ကြီးကျယ်လေးနက်သော အကြောင်းအရာများ မဟုတ်ပါ။ ပျော်ရွှင်စရာ အမှတ်တရ အစီအစဉ်လေးများသာ ဖြစ်ပါသည်။

(၁၂) ချစ်သူမရှိပါကလည်း တစ်ဦးတည်း အပျော် သဘောနဲ့ ပြုလုပ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com






**ရည်းစားကာလအတွင်း ပြုလုပ်ရန်စာရင်း**

အလုပ်တစ်ခုချင်း ပြီးမြောက်ပါက အမှတ်ခြစ်လေး ခြစ်သွားရန်ဖြစ်သည်။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာအခန်းတွင် နမူနာ ဖတ်ရှုပါ။ ပြီးနောက် လိုက်ပါလုပ်ဆောင်ကြည့်ပါ။

- [ ] ပုလင်းနှင့် စာမျှောခြင်း
- [ ] ပြေးတက်. . . ပြေးဆင်း
- [ ] အိပ်မက်မှတ်တမ်း
- [ ] အကောင်လေးတွေ
- [ ] တူရိယာ
- [ ] ပုံဆွဲမယ်
- [ ] ကျွန်တော်. . . ကျွန်မတို့သည်. . .
- [ ] အောင်မြင်အောင် ကြိုးစားမည်။
- [ ] သူလေးအတွက် အင်္ကျီ
- [ ] မအိပ်ဘူး
- [ ] တစ်နေ့လုံးအိပ်မယ်
- [ ] မင်းအတွက်ရှင်သန်ခြင်း
- [ ] တိုလီမိုလီ




- [ ] တမ္ဘာကြီးကိုကယ်တင်မယ်
- [ ] အချိန်ကိုနောက်ပြန်သွားမယ်
- [ ] တူလည်လည်. . .
- [ ] ရတနာသိုက်
- [ ] မြေကြီးထဲမှာ. . .
- [ ] April Fool
- [ ] လှူ
- [ ] ရုပ်ရှင်
- [ ] စာအုပ်
- [ ] ပိုက်ဆံစုမယ်။ သုံးမယ်၊ ဖြုန်းမယ်။
- [ ] TV ထဲ ပါကြမယ်
- [ ] စပိုင်
- [ ] မိသားစုသစ်ပင်
- [ ] ဝတ္ထု ဆောင်းပါး
- [ ] တူနှစ်ကိုယ် Website
- [ ] သက်သက်လွတ်
- [ ] အောင်မြင်ကျော်ကြားသူတစ်ဦးနှင့် တွေ့ဆုံခြင်း
- [ ] ဆွေးနွေးကြမယ်. . .

www.burmeseclassic.com

www.burmeseclassic.com





**၁။ ပုလင်းနှင့် စာမျှောခြင်း**

လေလုံပြီး အဆို့ပါသော ပုလင်းတစ်လုံးဝယ်ပါ။ ပြီးနောက် သင်တို့ချစ်သူနှစ်ဦး၏ ဓာတ်ပုံများပါသောစာကို ထည့်ပြီး မြစ်ချောင်း (သို့) ပင်လယ်ထဲသို့ မျှောချလိုက်ပါ။

တစ်စုံတစ်ဦးက သင်တို့၏စာကို တစ်ချိန်ချိန်မှာ တွေ့ရှိနိုင်ပါလိမ့်မည်။ ထိုသူက သင်တို့ကို ဆက်သွယ်မည့်အချိန်အား စိတ်ရှည် လက်ရှည် စောင့်ဆိုင်းကြည့်ပါ။

စိတ်လှုပ်ရှားဖို့ ကောင်းပါလိမ့်မည်။ ဆက်သွယ်မည့်အချိန်သည် သင်တို့အိုမင်းသွားသည့် အချိန်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

**စာထဲတွင်**

- "ဤစာကို သင်တွေ့ရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်း" ဖြင့် စတင်ရေးသားရန်၊ အကယ်၍ တွေ့ရှိပါက အီးမေးလ် (သို့) စာ (သို့) ဖုန်းဖြင့် အကြောင်းကြားပေးပါရန်လည်း ပါဝင်ရမည်။ ထို့ပြင် သင်တို့၏ နာမည်၊ နေရပ်လိပ်စာ၊ အီးမေးလ်၊ ဘယ်နေ့က မျှောလိုက်သည်၊ သင်တို့၏ အကြောင်းနှင့် လက်ခံရရှိသူအား လက်ဆောင်ပို့ပေးလိုသည့် အကြောင်းများအား အနည်းဆုံး ဘာသာစကားသုံးမျိုးဖြင့် ထည့်ရေးပေးရန် ဖြစ်ပါသည်။
- စာထဲတွင် ဤစာအား ရရှိသူသည် အကြောင်းမပြန်ချင်သော သူ၊ အလုပ်ရှုပ်သောသူ၊ ရေထဲမျော နေသူ စသည်ဖြင့် အကြောင်းအမျိုးမျိုးဖြင့် စာမပြန်နိုင်သူဖြစ်ပါက ပုလင်းထဲရှိ မိမိတို့စာအားထည့်၍ ပြန်မျှောပေးပါရန် တောင်းဆိုချက် ထည့်ပေးထားသင့်ပါသည်။ သို့မှသာ စာလက်ခံရရှိသူသည် အလေးအနက်ထားသူဆီ ရောက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဆက်လက်မျှောပေးနိုင်မည်ဖြစ်သည်။
- ပုလင်းအား လေလုံအောင် စစ်ဆေးပြီး ပင်လယ်ထဲသို့ မမျှောနိုင်ပါက နီးစပ်ရာ မြစ်ချောင်းတွင် မျှောလိုက်ရန်ဖြစ်သည်။ ကံကောင်းရင်တော့ သင်တို့ချစ်သူနှစ်ဦး စာလေးဟာ တစ်စုံတစ်ဦးရဲ့ လက်ထဲကို ရောက်သွားပါလိမ့်မည်။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

ပုလင်းနှင့်စာမျှောခြင်းအတွက် အောက်ပါအချက်များပြည့်စုံ ပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁)ခုကို ကပ်လိုက်ပါ။

Achieved

စာမျှောလိုက်သည့်ရက်စွဲ

| d | d | m | m | y | y | y | y |

စာမျှောလိုက်သည့် မြစ်/ပင်လယ် နာမည်၊ နေရာ

အကြောင်းပြန် လက်ခံရရှိသည့်နေ့

| d | d | m | m | y | y | y | y |

အကြောင်းပြန်လက်ခံရရှိသည့်ကြာချိန်


| y | y | | m | m | | d | d |

စာရောက်ရှိသည့် နိုင်ငံ

စာရောက်ရှိသည့် အကွာအဝေးမိုင်

| 0 | 0 | 0 | 0 | 0 | 0 |

သင်တို့ စာကို တွေ့ရှိသူနာမည်






သင်တို့စာ ထောင်မျှောလိုက်သည့် နိုင်ငံနှင့်ရောက်ရှိသည့် နိုင်ငံအား အရောင်ခြယ်ထားရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





၂ ဓြေးတက် . . . ဓြေးဆင်း

စက်လှေကားပေါ်သို့ ပြောင်းပြန်တက်ရခြင်းဖြစ်သည်။ ထိုသို့ လုပ်ရန်အတွက် သက်လုံကောင်းဖို့တော့ လိုအပ်ပါသည်။ ဒီကိစ္စ သည် ခက်ခဲကောင်း ခက်ခဲနိုင်ပါသည်။

အောင်မြင်ခဲ့ပါက ပျော်ရွှင်စရာ ကောင်းပါလိမ့်မည်။

လုပ်ဆောင်ချက်

- နီးစပ်ရာ စက်လှေကားကိုရှာပါ။ Shopping Center စသည်တို့တွင် များပြားစွာ တွေ့ရပါမည်။ စက်လှေကားကို တွေ့ပါက စက်လှေကားအောက်မှနေ၍ အပေါ်က ဆင်းလာသော စက်လှေကားထစ်များပေါ်သို့ ခြေလှမ်းစလှမ်းရင်း သင့်လုပ်ငန်းကို စပါ။ လျှင်မြန်ဖို့ သွက်လက်ဖို့တော့ လိုပါမည်။
- သတိထားရမှာပါ။ ဤကိစ္စအတွက် ပြုလုပ်စဉ်တွင် ပွယောင်းယောင်းဘောင်းဘီများ၊ စက်လှေကား ညပ်နိုင်ခြေရှိသည့် အဝတ်အစားများ မဝတ်ထားရန် အထူးသတိပြုရပါမည်။ ပေါ့ပါးပြီး လွတ်လပ်သော အဝတ်အစားဖြစ်ရန် လိုအပ်ပါသည်။
- လူရှင်းသော စက်လှေကားကို အသုံးပြုပါ။ အကယ်၍ အပေါ်က ဆင်းလာတဲ့လူများရှိပါက အခြားလူများ စိတ်အနှောက်အယှက် ဖြစ်နိုင်ပါသည်။
- စက်လှေကား အတက်ရော၊ အဆင်းရော အောင်မြင်အောင် ကြိုးစားနိုင်ပါသည်။



လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ

စက်လှေကားပေါ်သို့ပြောင်းပြန်တက်ခြင်းအတွက် အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁)ခုကို ကပ်လိုက်ပါ။




**ဓြေးတက်**

ပြုလုပ်သောနေ့ [d d m m y y y y]

စက်လှေကားတည်ရှိရာ [ ]

ထိပ်ဆုံးထိရောက်အောင် [y/n] တက်နိုင်ခဲ့သလား။

အကယ်၍ မတက်နိုင်ဘူးဟု ဆိုပါက ဘယ်အထိရောက်ခဲ့သလဲဆိုတာ မှတ်သားထားရန်။

စက်လှေကားအထစ်အရေအတွက် [0 0]

အပေါ်ရောက်ဖို့ကြိုးစားရသည့်ကြာချိန် [0 0]

အပေါ်ရောက်ဖို့ကြိုးစားရသည့်အကြိမ် [0 0]

စက်လှေကားပေါ်မှာလူတွေရှိသလား [y/n]

ရှိခဲ့ပါကသင့်ရှေ့မှာကွယ်နေပါသလား။ [y/n]

သင့်ချစ်သူနဲ့အတူအပြိုင်ဓြေးတက်သလား။ [y/n]



**ဓြေးဆင်း**

ပြုလုပ်သောနေ့ [d d m m y y y y]

စက်လှေကားတည်ရှိရာ [ ]

အောက်ဆုံးထိရောက် [y/n] အောင်ဆင်းနိုင်ခဲ့သလား။

အကယ်၍ မဆင်းနိုင်ဘူးဟု ဆိုပါက ဘယ်အထိရောက်ခဲ့သလဲဆိုတာ မှတ်သားထားရန်။

စက်လှေကားအထစ်အရေအတွက် [0 0]

အောက်ရောက်ဖို့ကြိုးစားရသည့်ကြာချိန် [0 0]

အောက်ရောက်ဖို့ကြိုးစားရသည့်အကြိမ် [0 0]

စက်လှေကားပေါ်မှာလူတွေရှိသလား [y/n]

ရှိခဲ့ပါကသင့်ရှေ့မှာကွယ်နေပါသလား။ [y/n]


သင့်ချစ်သူနဲ့အတူအပြိုင်ဓြေးတက်သလား။ [y/n]



www.burmeseclassic.com

www.burmeseclassic.com





## ၃။ အိပ်မက်မှတ်တမ်း

အိပ်မက်ကတော့ လူတိုင်းမက်ဖူးကြပါတယ်။ တချို့သော အိပ်မက်တွေဟာ နိုးလာတဲ့အခါ မှတ်မိနေတတ်သလို တချို့သော အိပ်မက်တွေကတော့ မမှတ်မိတတ်ပါဘူး။ ဝေဝေဝါးဝါးနဲ့သာ ရှိနေ တတ်ပါတယ်။

တော်တော်များများကတော့ နိုးနိုးချင်းမှာ မှတ်မိနေတတ်ပြီး ခဏအကြာတွင် မေ့ပျောက် သွားတတ်ပါတယ်။ ဒီအိပ်မက်မှတ်တမ်း အစီအစဉ်က သင့်ရဲ့အိပ်မက်တွေကို မှတ်မိအောင် ပြုလုပ် ပေးမှာ ဖြစ်ပါတယ်။

### လုပ်ဆောင်ချက်

- အိပ်မက်မှတ်တမ်းစာအုပ်လေးတစ်အုပ် ပြုလုပ်ထားပြီး အိပ်ယာဘေးနားမှာထားပြီး အိပ်ပါ။ အိပ်မက်လေးတွေဟာ ခဏခြင်းဆိုသလို နိုးလာတာနဲ့ ပျောက်ကွယ်သွားတတ်တာကြောင့် နိုးနိုးခြင်း စာအုပ်ထဲမှာ ချရေးဖို့လိုပါတယ်။ ဒါမှသာ မှတ်မိမှာ ဖြစ်ပါတယ်။
- တချို့အိပ်မက်တွေဟာ ဂယောင်ချောက်ချားမက်တာ ရှိသလို တချို့တွေကတော့ အဓိပ္ပာယ်ရှိပါတယ်။ ဥပမာ - သင်ဟာ လေထဲမှာ ပျံဝဲနေရတယ်လို့ အိပ်မက် မက်ပါ က သင်ဟာ တစ်ခုခုကို ထိန်းချုပ်ခံထားရသော်လည်းကောင်း၊ စိတ်သောက ရောက်နေရသော်လည်းကောင်း စသည်တို့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုမျိုးများ ဖြစ်နိုင်ပါသည်။
- ဘာပဲဖြစ်ဖြစ် အိပ်မက်၏အဓိပ္ပာယ်ကို မသိခဲ့ရင်တောင်မှ သင်မက်ခဲ့တဲ့ အိပ်မက်များကို ပြန်ကြည့်လို့ရသလို သင့်ချစ်သူ ရဲ့ အိပ်မက်များနှင့်လည်း တိုက်ဆိုင် ဆွေးနွေးလို့ရသလို အပြန်အလှန်လည်း ဖတ်လို့ရတာပေါ့။



### လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ

အိပ်မက်မှတ်တမ်းအတွက် အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံ တွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

☆ Achieved

ညတိုင်းအိပ်မက်မက်သလား [y/n]

အိပ်မက် ဘယ်နှစ်ခုကို မှတ်မိနေသလဲ? [ ]

အိပ်ရင်းလမ်းထလျှောက် တတ်သလား? [y/n]

ဘယ်လောက်အကွာအဝေးထိ လမ်းထလျှောက်သလဲ? [ ]

အိပ်မက်ထဲမှာစကားပြောဖူးသလား [y/n]

ပြောဖူးရင် ဘာတွေများ ပြောဖူးသလဲ? [ ]

ကျော်ကြားတဲ့ လူ တစ်ယောက်အကြောင်းကို အိပ်မက်မက်ဖူးသလား? [y/n]

မက်ဖူးပါက ဘယ်သူပါလဲ? [ ]

နောက်နေ့မှာဖြစ်ပျက်မယ့် ကိစ္စတွေကိုနိမိတ်ပြတဲ့ [y/n] အိပ်မက်မက်ဖူးပါသလား?

မက်ဖူးပါက-အောက်တွင် ရေးရန်-

[ ]

[ ]

[ ]

[ ]

အောက်ဖော်ပြပါ အိပ်မက်များကို မက်ဖူးပါသလား?



ပြေးသာ ပြေးနေရတယ် ဘယ်နေရာမှ မရောက်ဘူး [ ]



လေပေါ်မှာ ပျံသန်းမိနေတယ် [ ]




အောက်ကို ပြုတ်ကျခြင်း [ ]



ကျောင်း (သို့) စာမေးပွဲ ပြေတာ နောက်ကျခြင်း [ ]



အောက်ခံဘောင်းဘီနဲ့ပဲ ကျောင်းသို့သွားမိခြင်း [ ]



အပြင်ကိုထွက်သွားတယ်လို့ အိပ်မက်မက်ခြင်း [ ]


| ကြောက်စရာအကောင်းဆုံးအိပ်မက်မှာရှိခဲ့သလား? |
| --- |
| |
| |

| အိပ်မက်တွေထဲမှာ ဘယ်အိပ်မက်ကအကောင်းဆုံးလဲ? |
| --- |
| |
| |

www.burmeseclassic.com

www.burmeseclassic.com





၄။ အကောင်လေးတွေ

ကမ္ဘာပေါ်မှာ သတ္တဝါပေါင်း များစွာရှိပါတယ်။ ဒါပေမယ့် ထိတွေ့ဖူးတဲ့ သတ္တဝါက နည်းပါတယ်။

ဒီအစီအစဉ်ကတော့ သင် (သို့) သင်တို့ချစ်သူနှစ်ဦးက သတ္တဝါလေးတွေကို ထိတွေ့ကြည့်ရမယ့်အစီအစဉ်ဖြစ်ပါတယ်။

တချို့တွေက ကြောက်တတ်ကြပါတယ်။ ဒါကြောင့် ဒီအစီအစဉ် အောင်မြင်ဖို့ သတ္တိနည်းနည်းရှိဖို့တော့ လိုအပ်ပါတယ်။

လုပ်ဆောင်ချက်


- တစ်ဖက်မှာ ဖော်ပြထားတဲ့ အကောင်လေးတွေပဲဖြစ်ဖြစ်၊ သင်တို့ချစ်သူနှစ်ဦး (သို့) သင်က တွေ့ချင်တဲ့အကောင်လေး တွေကို ထိတွေ့မှတ်သားနိုင်ပါတယ်။
- တစ်ဖက်ပါ အကောင်တွေကတော့ အလွယ်ဆုံးနဲ့ အခက်ဆုံး အကင်းဆုံးဆိုတဲ့ အကောင်လေးတွေကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။
- အကောင်လေးတွေကို ထိတွေ့ယုံပါပဲ။ ဖြစ်ညှစ်ခြင်း မပြုရပါ။
- ကြိုးစားကြည့်ပါဦး။ တစ်ချိန်ချိန်မှာ ချစ်သူဘဝတုန်းက (သို့) ငယ်ရွယ်စဉ်တုန်းက ထိတွေ့ဖူးတဲ့ အကောင်လေးတွေဆိုပြီး အမှတ်ရနေမှာပါ။



ထုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ

အကောင်းလေးတွေအစီအစဉ်အတွက် အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ တံဆိပ် (၁) ခုကို ကပ်လိုက်ပါ။


Achieved




www.burmeseclassic.com

www.burmeseclassic.com






၅။ တူရိယာ

ဒါကတော့ သင်ယူခြင်းနဲ့ ပတ်သက်တဲ့ အစီအစဉ်တစ်ခုပါ။ ကြိုက်နှစ်သက်တဲ့ တူရိယာပစ္စည်းတစ်ခုကို တတ်မြောက်အောင် သင်ယူရမှာပါ။

တကယ်တော့ ဂီတဆိုတာ လူသားတွေကို နူးညံ့အောင် သင်ကြားပေးတဲ့ အရာတစ်ခုလို့ လက်ခံထားပါတယ်။ ဒီတော့ သင်တို့လည်း စိတ်ပါတဲ့ ဂီတတစ်ခုကို တတ်မြောက်အောင် သင်ကြားခဲ့မယ်ဆိုရင် တစ်ချိန်ချိန်မှာ အကျိုးရှိမှာပါ။

လုပ်ဆောင်ချက်

- ကမ္ဘာပေါ်မှာ ဂီတမျိုးစုံကို တီးလို့ရတဲ့တူရိယာ မျိုးစုံရှိပါတယ်။ ထိုထဲကမှ အသုံးများတဲ့ ဂီတပစ္စည်းတွေကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။
- အကယ်၍ ဖော်ပြထားတဲ့ ဂီတများကို မကြိုက်ဘဲ အခြားဂီတ များကို သင်ယူချင်ပါက သီးသန့်မှတ်နိုင်ပါသည်။
- ဒီတူရိယာ အစီအစဉ်သည် အချိန်ပေးရတဲ့ကိစ္စတစ်ခု ဖြစ်ပါ တယ်။ သင်တို့ချစ်သူနှစ်ဦး တစ်ခုခုကို ဆုံးဖြတ်ချက်ချပြီးမှသာ ဒီလုပ်ငန်းစဉ် ပြီးမြောက်မှာပါ။ နို့မို့ဆို ပိုက်ဆံကုန်တာသာ အဖတ်တင်ပါလိမ့်မည်။
- ဂီတနဲ့အတူ အချစ်တွေ လန်းဆန်းပါစေ။



လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ

တူရိယာအစီအစဉ်အတွက် အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

အောက်ပါတူရိယာများထဲက သင်ကြိုက်နှစ်သက်ရာ ရွေးချယ် ပါ (သို့) သီးသန့်ထပ်ထည့်ပါ။

အရမ် တယော ဂစ်တာ စန္ဒယား လေမှုတ်တူရိယာများ



ဘယ်တူရိယာကို ရွေးချယ်ခဲ့သလဲ

ဘယ်ဂီတအမျိုးအစားကို ကြိုက်သလဲ

သင်ကြိုက်နှစ်သက်သော ဂီတအမျိုးအစားကို သင် တကယ်ရောတီးနိုင်ပါ့မလား y/n

တစ်ပတ်ကို ဘယ်နှစ်နာရီလောက် လေ့ကျင့်သလဲ 0 : 0

ပထမဆုံး သင်ယူခဲ့သည့်နေ့

d d m m y y y y

သင်တို့ချစ်သူနှစ်ဦးကိုယ်တိုင် လိုလိုလားလား သင်ယူဖို့ ဆုံးဖြတ်ခဲ့တာလား y/n

မဟုတ်ဘူးဆိုခဲ့ပါက ဘယ်သူကသင်ချင်တာလဲ?

လူရှေ့သူရှေ့မှာ တီးပြခဲ့ဖူးသလား y/n

တီးပြခဲ့တယ်ဆိုပါက ဘယ်သူတွေ ရှေ့မှာလဲ

ဘယ်လောက်တောင် တီးတတ်နေပြီလို့ သင်ထင်ပါသလဲ

Poor OK Good Very good Excellent


ဘယ်လောက်အောင် တီးတတ်နေပြီလို့ [illegible] သင့်သူငယ်ချင်း၊ သင့်ချစ်သူကထင်ပါသလဲ

Poor OK Good Very good Excellent

www.burmeseclassic.com

www.burmeseclassic.com





၆။ ပုံဆွဲမယ်

သင်နေတဲ့ အိပ်ခန်းထဲမှာပဲဖြစ်ဖြစ်၊ ဧည့်ခန်းထဲမှာပဲဖြစ်ဖြစ် သင်ချစ်သူ ဆွဲထားတဲ့ ပန်းချီကားလေးတစ်ချပ်ကို ချိတ်ဆွဲထားရှိဖို့ အတွက် အစီအစဉ်လေးဖြစ်ပါတယ်။ သင်ကလည်း သင်ဆွဲတတ် သလို ပန်းချီကားလေးဆွဲ၊ ပြီးတော့ သင့်ချစ်သူကလည်း သူဆွဲ တတ်သလို ဆွဲပြီး ဘောင်လှလှလေးတပ်ကာ အချင်းချင်း အပြန် အလှန် လက်ဆောင်ပေးကြဖို့ ဖြစ်ပါတယ်။

တစ်ချိန်ချိန်မှာ အမှတ်ရစရာလေးတွေပါ။

လုပ်ဆောင်ချက်

- ဘာဆွဲပေးပြီး လက်ဆောင်ပေးရမလဲဆိုတာ အရင်စဉ်းစားပါ။ ကျွမ်းကျင်ဖို့ လှပနေဖို့ မလိုပါဘူး။ အမှတ်တရဆိုတဲ့ စိတ်လေးနဲ့ပဲ ခံစားဆွဲပေးဖို့ လိုပါတယ်။ သင်တန်းတက်ပြီးမှ ဆွဲပေးမယ် တယ်ဆိုရင်တော့ သင်တို့သဘောပေါ့။ တကယ်တော့ မဆွဲတတ် ဆွဲတတ်လေးနဲ့ ဆွဲပေးထားတာ ဂုဏ်ယူစရာတစ်ခုပါ။
- အကယ်၍ သင်က ဘယ်လိုမှ မဆွဲတတ်ဘူး၊ ဘာဆွဲရမှန်း မသိဘူးဆိုရင်တော့ အရောင်တွေပဲဖြစ်ဖြစ် တွေ့နေရတဲ့ ပတ်ဝန်းကျင်ပုံကိုပဲဖြစ်ဖြစ်၊ သင်ခဏခဏ ဆွဲတတ်တဲ့ အသည်းပုံတို့၊ တိုလီမိုလီ ပုံလေးတွေကို ဆွဲပေးလည်း အမှတ်တရရှိနေမှာပါ။

မမေ့ဖို့က ပန်းချီကားအောက်ဆုံးမှာ သင့်လက်မှတ်ကလေး ရယ်၊ ဆွဲတဲ့နေ့ရက် အချိန်ရယ် ပါဖို့ပါပဲ။ အဲ. . .ပန်းချီကားလေးကို နာမည်ပေးဖို့လည်း မမေ့ပါနဲ့ဦး။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

ပုံဆွဲမယ်အစီအစဉ်အတွက် အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

အောက်ဖော်ပြပါပုံစံတွင် သင်ဆွဲထားသော (သို့) သင်တို့နှစ်ဦးဆွဲထားသောပုံများကို မိတ္တူကူးယူပြီး ကပ်ထားလိုက်ပါ။

ပန်းချီကားမိတ္တူကပ်ရန်

ပန်းချီကားနာမည်

သင်ဆွဲထားတဲ့ပုံကို y/n အခြားသူများအား ပြသည့်အခါ အားလုံး ကြိုက်နှစ်သက်ပါသလား။


မကြိုက်ဘူးဆိုပါက ဘယ်သူတွေက မကြိုက်တာလဲ။

ဘာပဲဖြစ်ဖြစ် y/n သင်တို့ဆွဲထားတဲ့ ပုံတွေကို နှစ်ခိုက်မှာ ချိတ်ဆွဲထားသလား။

www.burmeseclassic.com

www.burmeseclassic.com





၇။ ကျွန်တော်...ကျွန်မ တို့သည် (ကျိန်ဆိုခြင်းသေတ္တာ)

စုဘူးလေးတစ်ခု (သို့) ပိုက်ဆံထည့်တဲ့အိတ်တစ်ခု လုပ်ထားပါ။ ပြီးနောက် မကောင်းတဲ့အကျင့် (သို့) တစ်ယောက်နဲ့ တစ်ယောက် မကြိုက်တဲ့ကိစ္စများကို ချရေးပါ။ ဥပမာ- သေးလိပ်သောက်ခြင်း (သို့) မကောင်းတဲ့အကျင့်တစ်ခုခု (သို့) ချိန်းထားတာ နောက်ကျပါက စသည်ဖြင့် ချရေးပြီးပါက ထိုကိစ္စများကို တစ်ယောက်နဲ့တစ်ယောက် မချိုး ဖောက်ပါ။ ချိုးဖောက်ပါက ငွေကြေး ဘယ်လောက်အား ဤငွေအိတ်အတွင်း၌ ထည့်သွင်းသွားပါမည်ဟု ကတိပြုရမည်။ ပျော်စရာကောင်းပြီး ငွေစုဖြစ်သော ကိစ္စတစ်ခုဖြစ်ပါသည်။ တစ်လပြည့်သောအခါ အမှားနည်းသောသူက ထိုစုငွေများကို ယူပါ။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

ကျိန်ဆိုသောစကားလုံး | ငွေကြေး | ကျိန်ဆိုသောသူ | ထိုသို့ပြုလုပ်လိုက်၍ ဤကိစ္စလျော့နည်း y/n သွားပါသလား။

ကျိန်ဆိုသောစကားလုံး | ငွေကြေး | ကျိန်ဆိုသောသူ | ထိုသို့ပြုလုပ်လိုက်၍ ဤကိစ္စလျော့နည်း y/n သွားပါသလား။

ကျိန်ဆိုသောစကားလုံး | ငွေကြေး | ကျိန်ဆိုသောသူ | ထိုသို့ပြုလုပ်လိုက်၍ ဤကိစ္စလျော့နည်း y/n သွားပါသလား။

ကျိန်ဆိုသောစကားလုံး | ငွေကြေး | ကျိန်ဆိုသောသူ | ထိုသို့ပြုလုပ်လိုက်၍ ဤကိစ္စလျော့နည်း y/n သွားပါသလား။


ကျိန်ဆိုသောစကားလုံး | ငွေကြေး | ကျိန်ဆိုသောသူ | ထိုသို့ပြုလုပ်လိုက်၍ ဤကိစ္စလျော့နည်း y/n သွားပါသလား။

**တစ်လပြည့်တဲ့အခါ ငွေဘယ်လောက် ရခဲ့သလဲ?** Ks.

www.burmeseclassic.com

www.burmeseclassic.com





ဂ။ အောင်မြင်အောင် ကြိုးစားမည်

- ပြိုင်ပွဲတစ်ခုမှာ ဆုတစ်ခုရရှိအောင် ကြိုးစားရမည်ဖြစ်သည်။
- သင် ဝင်ပြိုင်ရင် သင့်ချစ်သူက ကူညီသူအဖြစ်
- သင့်ချစ်သူက ဝင်ပြိုင်ရင် သင်က ကူညီသူအဖြစ်
- ပြိုင်ပွဲတွေကတော့ သင်တို့နှစ်ဦး စိတ်ဝင်စားတဲ့ ပြိုင်ပွဲတစ်ခုခုပေါ့၊ ဘယ်ပြိုင်ပွဲမျိုး လို့တော့ မဟုတ်ပါဘူး။
- ကျောင်းပြိုင်ပွဲလေးတွေပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲက အားကစား ပြိုင်ပွဲလေးတွေဖြစ်ဖြစ် မဂ္ဂဇင်းထဲ၊ သတင်းစာထဲ၊ ဒါမှမဟုတ် ရေဒီယိုထဲ၊ တီဗွီထဲက ပြိုင်ပွဲတစ်ခုခုကို ဝင်ပြိုင်လို့ ရပါတယ်။
- တချို့ ပြိုင်ပွဲတွေက သေချာကျွမ်းကျင်မှ ပြိုင်လို့ရတဲ့ ပြိုင်ပွဲတွေ ရှိပါတယ်။ အကယ်၍ ကိုယ့်မှာ အဲ့ဒီအရည်အချင်းတစ်ခုခု ရှိတယ်လို့ ယုံကြည်ပါက ဝင်ပြိုင်နိုင်ပါတယ်။
- ပြိုင်ပွဲက ကြီးမားလေ၊ သင်တို့နှစ်ဦးရဲ့ မှတ်တမ်းက ဂုဏ်ရှိလေပါပဲ။ နောင် တစ်ချိန်မှာ ယခု သင်တို့ပြုလုပ်ခဲ့တဲ့ ပြိုင်ပွဲလေးတွေကို ပြန်ကြည့်ရင်း ဂုဏ်ယူကြည်နူး နေလိမ့်မယ်လို့ ယုံကြည်ပါတယ်။
- ကဲ…သင်ရော၊ သင့်ချစ်သူရော အဆင်သင့်ဖြစ်ပြီလား။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

အောက်ပါအချက်များ ပြည့်စုံပါက တစ်ပက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

ပြိုင်ပွဲမှာ ဆုရခဲ့တဲ့နေ့ | ပြိုင်ပွဲနာမည် | ပြိုင်ပွဲဝင်အရေအတွက်

d d m m y y y y


ဘယ်အဆင့်ချိတ်ခဲ့သလဲ | တစ်ခုခုကြောင့် နိုင်ခဲ့တာလား | ဘယ်လိုကံကောင်းခဲ့တာလဲ

အောက်ပါတွေထဲက ဘယ်ဆုတွေ ရခဲ့သလဲ?


(၁) ရင်ထိုး (၂) ဖလား (၃) တံဆိပ် (၄) မှတ်တမ်း (၅) ပစ္စည်းတစ်ခု



(၆) ဆုငွေ (၇) လက်မှတ် (၈) ကျော်ကြားသူနှင့်တွေ့ဆုံခွင့် (၉) အခြား




ဆုရတံဆိပ်တွေပေါ်မှာ ဘာတွေရေးထားသလဲ?




အမှတ်တရပစ္စည်းတစ်ခုခု ရရှိခဲ့ပါက ဘာပစ္စည်းလဲ?


ငွေကြေး ရရှိခဲ့ပါက ဘယ်လောက်လဲ?

လက်မှတ်တစ်စောင်ရရှိခဲ့ပါက ဘာလက်မှတ်လဲ? ကျော်ကြားသူနဲ့တွေ့ဆုံခွင့် ရရှိခဲ့ပါက ဘယ်သူလဲ?

www.burmeseclassic.com

www.burmeseclassic.com





၉။ ချစ်သူလေးအတွက်အင်္ကျီ

သင်တို့ကိုယ်တိုင် ဒီဇိုင်းပြုလုပ်ထားတဲ့ T- Shirt တစ်ထည်ကို အချင်းချင်း အပြန်အလှန် လက်ဆောင်ပေးဖူးပါသလား။ မပေးဖူးဘူးဆိုပါက ကိုယ့်ချစ်သူအတွက် ကိုယ်တိုင်ဒီဇိုင်းပြုလုပ်ထားတဲ့ T-Shirt တစ်ထည်ကို အခုပဲ ပြုလုပ်ပြီး လက်ဆောင်ပေးကြည့်ပါ။

နည်းလမ်း (၁)

စက္ကူပေါ်တွင် သင့်စိတ်ကြိုက်ပုံစံ (အမှတ်တံဆိပ် (သို့) စာသား) အား ခဲတံဖြင့် ရေးသားရန်။ ပထမအကြိမ်ရေးဆွဲရာတွင် ခဲတံကို ခပ်ဖွဖွသာ ရေးဆွဲရန်ဖြစ်ပြီး သင့်စိတ်ကြိုက်ပုံ ဖြစ်ပြီဆိုမှသာ ထင်ထင်ရှားရှား ထပ်ဆွဲပြီး ကာလာများ ခြယ်သရန်ဖြစ်တယ်။ ပြီးမှ အင်္ကျီ တံဆိပ်ရိုက်သူဆီသို့ ပို့ရန်။

နည်းလမ်း (၂)

ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲနိုင်ပြီး ထိုဒီဇိုင်းအား အင်္ကျီပေါ်တွင် ရိုက်နှိပ်ရန်အတွက် အင်္ကျီတံဆိပ် ရိုက်သူဆီသို့ပို့ရန်။

နည်းလမ်း (၃)

ပြုလုပ်ထားသော ပစ္စည်းသေးလေးများ၊ မိမိကိုယ်တိုင် ပျော့ကပ်လုပ်ထားသောအရာများဖြင့် T-Shirt အင်္ကျီအား အလှဆင်ရန်။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

| T-Shirt ပြုလုပ်သောနေ့ | ပြုလုပ်သည့်နည်းလမ်း | ပြုလုပ်တဲ့ကြာချိန် |
| --- | --- | --- |
| d d m m y y y y | | 0 0 Days 0 0 Hours 0 0 Mins |

သင်လုပ်ခဲ့တဲ့ပုံစံကို သင်ကိုယ်တိုင် ကြိုက်နှစ်သက်ပါသလား? y/n





အင်္ကျီမှာ နောက်ကျောဒီဇိုင်းပါသလား? y/n

ပါခဲ့ပါက...

www.burmeseclassic.com

www.burmeseclassic.com





**၁၀။ မအိပ်ဘူး**

သင့်အိမ်မှာ တစ်ညလုံးမအိပ်ဘဲ နေဖူးသလား။ အဲ့ဒီလို သင် တစ်ညလုံး မအိပ်ဘဲ နေနေစဉ်မှာ သင့်ချစ်သူကလည်း တစ်ညလုံး မအိပ်ဘဲ လိုက်နေဖူးသလား။

အဲ့ဒီလိုမျိုး မလုပ်ဖူးဘူးဟု ဆိုပါက ဒီနေ့ညတော့ အမှတ်တရ အဖြစ် သင်တို့ချစ်သူနှစ်ဦး တစ်ညလုံး မအိပ်ဘဲ နေကြည့်ကြရအောင်။

- တစ်ယောက်နဲ့တစ်ယောက် တစ်ညလုံး မအိပ်ဘူးဟု ကတိ ထားကြည့်ပါ။ အိပ်တဲ့သူက အရှုံးဟု သတ်မှတ်ထားပါ။
- ထို့ပြင် တစ်ယောက်က အိပ်ချင်နေပြီဆိုပါက မအိပ်ချင်အောင် ဖုန်းဖြင့် အကူအညီပေးရမည်။ ဂိမ်းကစားခြင်းမျိုး၊ မအိပ်ချင်အောင် ကော်ဖီသောက်ခြင်းမျိုး စသည်ဖြင့် အကြံဉာဏ်ပေးရမည်။
- အထူးသတိထားရမှာက မအိပ်ဘဲနေမည်ဆိုသည့်နေ့ကို နောက်တစ်နေ့ ကျောင်းပိတ်ရက်မျိုး (သို့) ရုံးပိတ်ရက်မျိုးကို ရွေးချယ်ရမည်။ ဒါမှသာ နောက်တစ်နေ့ ကောင်းကောင်း မှန်မှန် အိပ်နိုင်မည် ဖြစ်သည်။
- တစ်နာရီခြား (သို့) နာရီဝက်တစ်ခါ တစ်ဖက်နှင့်တစ်ဖက် အိပ်ပျော်၊ မပျော်သိရအောင် ဖုန်းဖြင့် ဆက်သွယ်ရမည်။

  အိပ်ချင်မူးတူးသံဖြစ်နေပါက တစ်ဖက်မှ အိပ်ချင်နေပြီ ဖြစ်သည်။ နောက်တစ်နေ့တွင် အဲ့ဒီညက မိမိတို့ ဘာလုပ်ခဲ့ သလဲဆိုတာကို တစ်ဖက်ပါပုံစံကို ကြည့်ခြင်းဖြင့် တစ်ဦးနှင့် တစ်ဦး သိနိုင်သည်။
- ကဲ. . .အမှတ်တရအနေနဲ့ တစ်ညလုံးမအိပ်ဘဲ နေကြည့်ရအောင်။



**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။

Achieved

တစ်ညလုံး မအိပ်ဘဲနေသည့် ရက်စွဲ

d d m m y y y y

အခြားနေ့တွေဆို ဘယ်အချိန် အိပ်ယာဝင်သလဲ?


သင်တို့နှစ်ဦးထဲက ဘယ်သူ အရင်အိပ်သွားသလဲ?

တစ်ညလုံး မအိပ်ဘဲ နေရတာ ဘယ်လိုလဲ?

Easy / Hard / Really tough / Impossible

သင့်ချစ်သူက သင့်ကို ဖုန်းဆက်ပြီးလှမ်းနှိုးရသေးလား? y/n

ဘယ်အချိန်မှ အိပ်သွားတာလဲ?




အဲ့ဒီလို မအိပ်ဘဲ ထပ်နေဖြစ်ဖို့ စိတ်ကူးရှိသလား? y/n

| | အမှန်ခြစ်ပါ | အိပ်မပျော်သွားခိုအတွက် ဘာလုပ်နေရသလဲ? |
|---|---|---|
| 7PM | | |
| 8PM | | |
| 9PM | | |
| 10PM | | |
| 11PM | | |
| 12PM | | |
| 1AM | | |
| 2AM | | |
| 3AM | | |
| 4AM | | |
| 5AM | | |
| 6AM | | |
| 7AM | | |
| 8AM | | |
| 9AM | | |

www.burmeseclassic.com

www.burmeseclassic.com






**၁၁။ တစ်နေ့လုံးအိပ်မယ်**

ဒါကတော့ နံပါတ် (၁၀)နဲ့ ဆန့်ကျင်ဘက်ပါ။ တစ်သက်မှာ တစ်ခါတော့ တစ်နေ့လုံး အိပ်ဖူးတယ်ရှိအောင် အိပ်ရမှာပါ။

(တကယ်လို့များ သင်က အပျင်းကြီးတဲ့လူတစ်ယောက်ဖြစ်ပြီး တစ်နေ့လုံး အိပ်ဖူးတယ် ဆိုရင်တော့ တစ်မျိုးပေါ့)

ဒီနံပါတ် (၁၁) ကိုတော့ နံပါတ် (၁၀) နဲ့ ချိတ်ဆက်ပြီး အောင်မြင်အောင်၊ ပြီးပြည့်စုံအောင် လုပ်နိုင်မှာပါ။ နံပါတ် (၁၀) တုန်းက တစ်ညလုံး မအိပ်ဘဲနေခဲ့ပြီး နံပါတ် (၁၁) ကတော့ နောက်တစ်နေ့မှာ တစ်နေ့လုံး အိပ်ရမှာဖြစ်သောကြောင့်ပါ။

- ဝုန်းသံများကိုပိတ်ပြီး သင့်မိဘများကို ကြိုပြီး အသိပေးထားပါ။
- မနက်စာစားချိန်၊ အပေါ့အပါးသွားချိန်၊ ထမင်းစားချိန်မှလွဲ၍ တစ်နေကုန် နပ်နေရမည်ဖြစ်သည်။
- ဒါကတော့ သင်တို့အတွက် လွယ်မယ်ထင်ပါတယ်။




**လုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ**

အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ စတစ်ကာ (၁) ခုကို ကပ်လိုက်ပါ။




တစ်နေ့ကုန် အိပ်သောနေ့


d d m m y y y y




တစ်ဖက်ပုံမှာပြထားတဲ့အချိန်တိုင်း သင်လုပ်ဖြစ်၊ မလုပ်ဖြစ်နဲ့ အကယ်၍ မလုပ်ဖြစ်ပါက သင်ကိုယ်တိုင် နာရီပုံမှာဆွဲသားပြီး လုပ်ခဲ့တဲ့အရာများကို ရေးသားပါ။

**Key**

- Sleep
- Awake
- Snack
- Toilet
- Other
- Other
- Other





တစ်နေ့ကုန် အိပ်ရတာ ပျော်သလို့ အိပ်ရတာ ကျေနပ်သလား? y/n

www.burmeseclassic.com

www.burmeseclassic.com





၁၂။ မင်းအတွက် ရှင်သန်ခြင်း (သစ်ပင်စိုက်ခြင်း)

- သစ်ပင်လေးတစ်ပင် စိုက်တယ်ဆိုတာ အဲ့ဒီသစ်ပင်လေး အသက်ဆက်ရှင်ဖို့ တယုတယ ပြုစု ပျိုးထောင်ပေးရတဲ့ အလုပ်တစ်ခုပါ။ ကမ္ဘာမြေအတွက်ရော၊ သင့်ရဲ့ ကြည်နူးမှုလေး ရောပေါ့။
- အခုလည်း သင်တို့ချစ်သူနှစ်ဦးရဲ့ တစ်ဦးနဲ့တစ်ဦး ပြုစုယုယခြင်းတွေ ရှင်သန်အောင်ဆိုတဲ့ အထိမ်း အမှတ်နဲ့ သစ်ပင်စိုက် (သို့) ပန်းပင်စိုက်ကြည့်ကြမှာပါ။
- သိပ်ခက်ခဲတဲ့ အလုပ်မဟုတ်ပါဘူး။ ကြိုက်နှစ်သက်ရာ အပင်ပေါက်ပြီးသား ပန်းအိုးလေးပဲဖြစ်ဖြစ် ကိုယ့်ဘာသာကိုယ် အိုးထဲကို မြေကြီးတွေထည့် သစ်ပင်ပေါက်နိုင်မယ့် အစေ့ကိုပဲဖြစ်ဖြစ် စိုက်ပျိုး နိုင်ပါတယ်။
- နေ့စဉ်ရေလောင်းပေး၊ ပြုစုယုယပေးရင်းနဲ့ သစ်ပင်လေး အပင်ပေါက် ကြီးထွားလာတာကို တွေ့နေ ရတာကိုက သင်တို့ ချစ်သူနှစ်ဦးရဲ့ နေ့စဉ်ကြည်နူးမှုလေးကို ရှင်သန်ခွင့်ကို တွေးတော ပီတိ ဖြစ်စေနိုင်သည်။
- တကယ်လို့ အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်လေး သေဆုံးသွားခဲ့ပါက သင်ဟာ အပင်လေးကို ပြုစုယုယဖို့ ပျက်ကွက်ခဲ့သလို သင့်ချစ်သူကိုလည်း ကြင်နာဖို့ လိုအပ်သေးပါလားဆိုတဲ့ အသိနဲ့ သင့်ချစ်သူကို ဝန်ခံတောင်းပန်ပြီး နောက်ထပ် သစ်ပင်တစ်ခု စိုက်ပျိုးကြည့်ပါ။



ထုပ်ငန်းစဉ် မှတ်တမ်းရေးရန်ပုံစံ

အောက်ပါအချက်များ ပြည့်စုံပါက တစ်ဖက်ပါ ကြယ်ပုံစံတွင် ကြိုက်နှစ်သက်ရာ တံဆိပ်ကား (၁) ခုကို ကပ်လိုက်ပါ။

☆ Achieved

သစ်ပင်စိုက်ပျိုးသောနေ့ | ဘာအပင်စိုက်ခဲ့သလဲ [ ] | အပင်ပေါက်ချိန် d d m m y y y y

နေ့စဉ်နေ့တိုင်း အပင်ကို ကြည့်မိသလား? [ ]

သင့်ချစ်သူရော သင်နဲ့သစ်ပင်အမျိုးအစား အတူတူပဲလား? [y/n]


မတူပါကဘာအပင်ဖြစ်ပါသလဲ? [ ]

စိုက်ထားတဲ့အပင်လေး သေသွားသလား? [y/n]

ဘယ်အချိန်မှာ သေသွားသလဲ? d d m m y y y y

နောက်ထပ်သစ်ပင် ထပ်စိုက်ဖြစ်သလား? [y/n]

စိုက်ဖြစ်ပါကအရင်သစ်ပင်နဲ့ အမျိုးအစားအတူတူပဲလား? [y/n]




သစ်ပင်စိုက်ရတဲ့အတွက် သင်တို့ချစ်သူနှစ်ဦး ဘယ်လိုခံစားရသလဲ?

သင့်ရဲ့အပင်ကို သင်ဘယ်လိုမြင်လဲ?

☆ Poor ☆ OK ☆ Good ☆ Very good ☆ Excellent

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရှိသည့် အစီအစဉ်များကို
စာမျက်နှာအခက်အခဲကြောင့်
အကြမ်းဖျင်းသာဖော်ပြနိုင်သည့်အတွက်
စာဖတ်ပရိသတ်များအား
အနူးအညွတ်တောင်းပန်အပ်ပါသည် . . .

www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ တိုလီမိုလီ

မိမိတို့ ချစ်သူနှစ်ဦး နှစ်သက်တဲ့ တိုလီမိုလီပစ္စည်းများကို စုဆောင်းခြင်းအစီအစဉ်ဖြစ်ပါသည်။ တံဆိပ်ခေါင်းပဲဖြစ်ဖြစ်၊ လှပဆန်းသစ်တဲ့ သော့လေးပဲဖြစ်ဖြစ်၊ မည်သည့်စိတ်ဝင်စားသည့်ပစ္စည်းကိုမဆို စုဆောင်းခြင်းဖြစ်ပါသည်။

စုဆောင်းထားတဲ့ ပစ္စည်းတွေကိုလည်း ဓာတ်ပုံရိုက်ပြီး မှတ်တမ်းနေရာတွင် ကပ်ထားလို့ရပါသည်။

## ၁၄။ ကမ္ဘာကြီးကို ကယ်တင်မယ်

ကမ္ဘာကြီးမှာ ရာသီဥတုတွေ ပြောင်းလဲနေပြီ။ လူဦးရေလည်း ထူထပ်နေပြီ။ လူတွေရဲ့ မဆင်မခြင် သုံးစွဲမှုကြောင့် ကမ္ဘာကြီးလည်း တော်တော်ကြီးကို ဒဏ်ရာရနေပါပြီ။

ဒီတော့ သင်တို့ ချစ်သူနှစ်ဦးကလည်း ကမ္ဘာကြီးကို တစ်ထောင့်တစ်နေရာက ကယ်တင်ဖို့ ကြိုးစားတဲ့အနေနဲ့ (၁) Recycle များကို အသုံးပြုခြင်း၊ (၂) လျှပ်စစ်မီးကို တစ်နေ့တာချွေတာခြင်း၊ (၃) ကားမစီးပဲလမ်းလျှောက်ခြင်း၊ (၄) ရေသုံးစွဲမှုချွေတာခြင်း၊ စသည်ဖြင့် တစ်ရက်တာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို ပြုလုပ်ပေးရမည့် အစီအစဉ်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ အချိန်ကို နောက်ပြန်သွားမယ်

သင့်နာရီရော၊ သင့်ချစ်သူနာရီရော နာရီဝက် နောက်ပြန်လှည့်ပြီး တစ်ရက်တာနေကြည့်ရမယ့် အစီအစဉ် ဖြစ်ပါသည်။ နာရီဝက် နောက်ကျထားတဲ့ နာရီနဲ့ ဖြတ်သန်းခဲ့တဲ့ နေ့ကို မှတ်တမ်းတင် ကြည့်ရမှာ ဖြစ်ပါသည်။

## ၁၆။ တူလည်လည်

ဒါကတော့ သင်လည်းသိမှာပါ။ တစ်နေ့တာ လျှောက်လည် ခဲ့တဲ့နေရာလေးတွေ၊ စားခဲ့တဲ့ အစာတွေ၊ ဘာတွေနဲ့သွားခဲ့တယ်။ ဘယ်နေ့မှာ စသည်ဖြင့် ဓာတ်ပုံရိုက်ပြီး မှတ်တမ်းစာအုပ်မှာ ကပ်ထား ရမည့် လျှောက်လည်တဲ့ အစီအစဉ်ဖြစ်ပါသည်။

## ၁၇။ ရတနာသိုက်

ပျော်စရာအစီအစဉ်လေး တစ်ခုပါ။ သင်ရော၊ သင့်ချစ်သူရော တစ်ဦးကို တစ်ဦး မသိစေပဲ ပစ္စည်းတစ်ခုကို တစ်နေရာစီမှာ ဖွက် ထားပါ။ ပြီးနောက် ထို ဖွက်ထားသည့်နေရာကို မြေပုံတစ်ခုစီဆွဲပြီး တစ်ဦးကိုတစ်ဦး ရှာခိုင်းခြင်း အစီအစဉ် ဖြစ်ပါသည်။

ပျော်စရာကောင်းပါတယ်။ လုပ်ဆောင် ကြည့်ပါ။ မှတ်တမ်းထဲမှာ မြေပုံမိတ္တူရယ် ဘာပစ္စည်းရယ်ဆိုတာကိုတော့ ကပ်ဖို့မမေ့ပါနဲ့။



## ၁၈။ မြေကြီးထဲမှာ

အဖုံးပါပြီး ရေလုံတဲ့ ပုံးသေးသေးတစ်ခုကို ဝယ်ပါ။ ပြီးနောက် သင်ရော၊ သင့်ချစ်သူရော အိမ်မှာ ကတည်းက ရေးထားပြီး ပိတ်ထားတဲ့ စာတစ်စောင် စီကို ထည့်ပါ။ ပြီးနောက် ပုံးပေါ်တွင် နောင် သုံးနှစ် (သို့) ခြောက်လ (သို့) သင်တို့သတ်မှတ်ထားသည့် နေ့ရက်ရောက်မှ ဖွင့်ကြည့်ရမည်ဟု ရေးထိုးပါ။ ပြီးနောက် ထိုပုံးကို လူရှင်းသော မြေကြီးအောက်တွင် မြှုပ်နှံပါ။ တစ်ယောက်ကို တစ်ယောက် ဘာရေးထား တယ်ဆိုတာ မပြောပါနဲ့။ စာအိတ်ထဲမှာလဲ ပစ္စည်း သေးသေးလေးတွေစသည်ဖြင့် ထည့်နိုင်ပါသေးသည်။

သင်တို့ သတ်မှတ်ထားတဲ့ အချိန်ရောက်မှ သာ ထိုပုံးကို နှစ်ဦးအတူဖွင့်ကြည့်ပါ။ ပြီးနောက် မှတ်တမ်းတင်ထားပါ။

## ၁၉။ April Fool

သင်တို့နှစ်ဦးက တစ်ဦးတစ်ယောက်ကို April Fool လုပ်ရမှာပါ။ အသေးစိတ်ကိုတော့ မှတ်တမ်းတင်ထားပါ။

## ၂၀။ လှူ

နှစ်ဦးပေါင်းပြီး လှူဒါန်းမှုတစ်ခုပြုလုပ်ရမည့် အစီအစဉ် ဖြစ်ပါသည်။ သေးသေးလေးဖြစ်ဖြစ်၊ ကြီးကျယ်တဲ့အလှူပဲဖြစ်ဖြစ် သိကြည့်ပါ။ ဘုရားမှာ ငွေလှူတာပဲဖြစ်ဖြစ်ပေါ့။ ပြီးရင်တော့ အသေးစိတ်ကို မှတ်တမ်းရေးထားပါ။ ပမာဏ၊ လှူဒါန်းပုံ၊ နေရာ သက်မှတ်များ အားလုံးပါဝင်ဖို့လည်း မမေ့ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ စာအုပ်

ဒီအစီအစဉ်ကိုတော့ မဖြစ်မနေလုပ်ကြည့်ဖို့ တိုက်တွန်းပါသည်။ ချစ်သူရည်းစားဘဝမှာ တစ်ဦးကိုတစ်ဦးပေးဖတ်ခဲ့တဲ့ စာအုပ် (အဆုံးထိဖတ်ပြီးတဲ့စာအုပ်) များကို မှတ်တမ်းတင်ထားရခြင်း ဖြစ်ပါသည်။ စာအုပ်စာရင်းများလေလေ သင်တို့ ဘဝက သာယာလာလေလေ လို့ ယူဆပါသည်။

## ၂၂။ ရုပ်ရှင်

ရည်းစားဘဝမှာ ကြည့်ခဲ့တဲ့ ရုပ်ရှင်ကားတွေကို မှတ်တမ်းတင်ထားရမည့် အစီအစဉ်ဖြစ်ပါသည်။ အဲ့ အပြင် ကြည့်ချင်တဲ့ကားများရှိပြီး မကြည့်ရသေးပါက မှတ်တမ်းတင်ထားနိုင်ပြီး နောက်ပိုင်းကြည့်ဖြစ်ပါက ထပ်ဖြည့်ရန် ဖြစ်ပါသည်။

## ၂၃။ ပိုက်ဆံစုမယ်၊ သုံးမယ်၊ ဖြုန်းမယ်

တစ်နေ့ကို နှစ်ယောက်သား ပိုက်ဆံ ဘယ်လောက်စုမလဲဆိုတာ စဉ်းစားပြီး ပုံမှန်စုသွားရမည့် အစီအစဉ်ဖြစ်ပါသည်။ တစ်လပြည့်ပါက စုထားသည့် ပိုက်ဆံများကို ထုတ်ပြီး နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ ထိုပိုက်ဆံဖြင့်သာ လျှောက်သုံးကြခြင်းဖြစ်သည်။ ပိုက်ဆံလိုခဲ့ပါက အခြားပိုက်ဆံများကို အပိုမထည့်ရပါ။

စုထားသည့်ပိုက်ဆံဖြင့်သာ လောက်ငအောင် သုံးရပါမည်။ မှတ်တမ်းထဲမှာ အပြည့်အစုံရေးသားပါ မိတ်ဆွေ။



## ၂၄။ တီဗီထဲပါကြမယ်

အခုခေတ်မှာတော့ တီဗီထဲမှာ ပါလို့ရတဲ့ အစီအစဉ်တွေ များနေပါပြီ။ အဲ့ဒီအစီအစဉ်တွေထဲကမှ နှစ်ဦးစလုံး ပါလို့ရတဲ့ (သို့) တစ်ဦးက ဝင်ရောက်ပါလို့ရတဲ့ အစီအစဉ်မှာ ပါဝင်ရခြင်း ဖြစ်ပါသည်။

ပါဝင်ရဲဖို့တော့ လိုပါသည်။ ကြိုးစား လုပ်ဆောင်ကြည့်ပါ။

## ၂၅။ စပိုင်

တစ်ဦးတစ်ယောက်အကြောင်းကို အသေး စိတ်လိုက်စုံစမ်းရမည့် အစီအစဉ်ဖြစ်ပါသည်။ သူငယ်ချင်းပဲဖြစ်ဖြစ်၊ အိမ်နီးနားချင်းပဲဖြစ်ဖြစ်၊ ဆရာမပဲဖြစ်ဖြစ် ပါ။ အပျော်သဘောနဲ့ လုပ်ခြင်းဖြစ်ပါသည်။

အမျိုးတွေကဘယ်သူလဲ၊ ဘာတွေကြိုက်တတ်လဲ၊ အကျင့်ဆိုးတွေက ဘာတွေရှိလဲ၊ သူ့မှာ ဘာတွေဖုံး ကွယ်ထားတာရှိလဲ စသည်ဖြင့် သူမသိအောင် စပိုင် လိုက်လုပ်ရခြင်းဖြစ်ပါသည်။

မှတ်တမ်းထဲမှာတော့ စပိုင်လုပ်ထားတဲ့ လူရဲ့ အချက်အလက်များကို အသေးစိတ်ရေးပါ။

## ၂၆။ မိသားစုသစ်ပင်

သင်တို့ ချစ်သူနှစ်ဦးရဲ့ မိသားစု မှတ်တမ်းကို လုပ်ကြည့်ရမည့် အစီအစဉ်ဖြစ်ပါသည်။ သင့်ရဲ့ အဖိုး၊ အဖိုးရဲ့အဖေ၊ အဖိုးအဖေရဲ့ အဖေ စသည်ဖြင့် မိသားစု သမိုင်းကို လုပ်ကြည့်ပါ။ ပြီးနောက် အပျော် သဘောအနေနဲ့ မှတ်တမ်းတင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



**၂၇။ ဝတ္ထု၊ ဆောင်းပါး**

သင် (သို့) သင့်ချစ်သူရေးထားသော ဝတ္ထုတို (သို့) ဆောင်းပါးကို မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်များကို ပို့ပြီး စာမျက်နှာပေါ် ရောက်အောင် ကြိုးစားရမည့် အစီအစဉ် ဖြစ်ပါသည်။ နည်းနည်းတော့ ခက်ပါသည်။

**၂၈။ တူနှစ်ကိုယ် Website**

နှစ်ယောက်စလုံးတည်ထောင်ထားတဲ့ Website တစ်ခု လုပ်ကြည့်ရမည့် အစီအစဉ်ဖြစ်ပါသည်။ ပြီးနောက် မိမိတို့နှစ်ဦးနဲ့ ပတ်သက်တဲ့ အကြောင်းအရာ လေးတွေ၊ ထူးဆန်းတဲ့အရာလေးတွေ တင်ကြည့်ပါ။

အခုခေတ်မှာတော့ Facebook က ခေတ်စားတဲ့အတွက် Page တစ်ခုအနေနဲ့ လုပ်ကြည့်နိုင်ပါသည်။

**၂၉။ သက်သတ်လွတ်**

တစ်ရက်လောက် နှစ်ယောက်သား သက်သတ်လွတ် စားကြည့်ရမည့် အစီအစဉ် ဖြစ်ပါသည်။



**၃၀။ အောင်မြင်ကျော်ကြားသူတစ်ဦးနှင့်တွေ့ဆုံခြင်း**

နာမည်ကြီးကျော်ကြားတဲ့ သူတစ်ဦးနဲ့ တွေ့ဆုံနိုင်အောင် ကြိုးစားရမည့် အစီအစဉ်ဖြစ်ပါသည်။ ထိုသူရဲ့ Show ပွဲမှာပဲ ဖြစ်ဖြစ် ရိုက်ကွင်းမှာပဲဖြစ်ဖြစ် တွေ့ဆုံနှုတ်ဆက်နိုင်အောင် ကြိုးစားရမည် ဖြစ်ပါသည်။ မှတ်တမ်းကိုလည်း အသေးစိတ်ရေးပါ။ ဓာတ်ပုံပါ ဖော်ပြနိုင်ပါက ပိုကောင်းပါသည်။

**၃၁။ ဆွေးနွေးကြမယ်**

ဒီအစီအစဉ်သည် အရေးကြီးပါသည်။ သင်နှင့် သင့်ချစ်သူ တို့သည် တစ်နှစ်အတွင်း ဘာလုပ်ကြမည် ဆိုတာကို အသေးစိတ် တိုင်ပင်ပြီး ထိုဆွေးနွေးချက်ကို အကောင်အထည်ဖော်ကြခြင်းဖြစ်သည်။

ဥပမာ-ဘာသင်တန်းတက်မည်၊ ဘာလုပ်မည် စသည်ဖြင့် ဖြစ်ပါသည်။

မှတ်တမ်းထဲမှာလဲ အသေးစိတ်ရေးပါ။ ဘာတွေ သဘောတူခဲ့ကြသည်။ ဘာတွေကို သဘောမတူကြဘူး၊ သဘောမတူတာကို ဘယ်လောက်တောင် ညှိနှိုင်းခဲ့ရသည် စသည်ဖြင့်ပေါ့။

ဒါပေမယ့် ဆွေးနွေးသဘောတူညီချက်တွေ တကယ်ရောလုပ်ဖြစ်လား၊ မလုပ်ဖြစ်ပါက ဘာကြောင့် မလုပ်ဖြစ်လဲ ဆိုတာကို မှတ်တမ်းတင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

ရည်းစားကာလမှတ်တမ်းပါ အချက်အလက်များသည် နိုင်ငံခြားစာအုပ်တစ်အုပ်ရှိ အချက်အလက်အချို့အား သင့်လျော်အောင် ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

မူရင်းစာအုပ်မှာ အစီအစဉ် (၁၀၁) ခုပါရှိသော်လည်း (၃၀) ခုသာ ဖော်ပြခဲ့ပါသည်။ အကယ်၍ အသေးစိတ်လိုချင်သော ပရိသတ်များရှိပါက အဆင်ပြေသောအချိန်တွင် စာအုပ်အဖြစ် သီးသန့်ထုတ်ဝေသွားပါမည်။

လေးစားစွာဖြင့်

လူနေ

www.burmeseclassic.com